# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဩဂုတ်လ ၃ဝ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၉၀)၊ ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်၊ ၂၄-၉-၂၀၂၆၊ ကြာသပတေးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)


ယနေ့ ဖတ်စရာ

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ ရုံးတော်၌ Time Magazine မှ သတင်းထောက် Charlie Campbell ၏ တွေ့ဆုံမေးမြန်း မှုများအပေါ် ဖြေကြားချက်

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၇

Thai Expo Mandalay 2026 ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပမည်

စာမျက်နှာ » ၁၆






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတရုံးတော် အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

စာမျက်နှာ ၃ သို့ ☆

## အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြု




နေပြည်တော် စက်တင်ဘာ ၂၃

အားကောင်းသောမုန်တိုင်းငယ်အခြေအနေ

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော မုန်တိုင်းငယ်သည် အနောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကျောက်ဖြူမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၅၃၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ အရှေ့-အရှေ့မြောက်ဘက် ရေမိုင် ၆၀ မိုင်ခန့်နှင့် ဂိုလ်ပါပူမြို့၏ တောင်ဘက် ရေမိုင် ၈၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

စာမျက်နှာ ၅ သို့ ✻



## ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၃

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် သိမ်ကုန်း-ကြံခင်းမြောင်လမ်း နှစ်မိုင်အနက် တစ်မိုင်အား

စာမျက်နှာ ၆ သို့ ○

## မာရီဂိုးပန်းစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်

**ကျောက်တလုံးကြီး စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကျောက်တလုံးကြီးမြို့၌ နေထိုင်ကြသောပြည်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး ယခုနှစ်အတွင်း မာရီဂိုးပန်းစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။

မာရီဂိုးပန်းစိုက်ခင်းများသည် မြေဆီမြေနှစ်ပြည့်ဝသော မြေများတွင် ကောင်းစွာဖြစ်ထွန်းကြောင်း၊ ရေသွင်း၊ ရေထုတ်ကောင်းမွန်ပြီး ရေမဝပ်နိုင်သော မြေမျိုးကို ပိုမိုကြိုက်နှစ်သက်ကြောင်း၊ ပန်းမျိုးကောင်းမျိုးသန့်ကိုရွေးချယ်၍ မိုးရာသီ ဇွန်လအလယ်တွင် ပျိုးထောင်ပြီး ဇူလိုင်လအလယ်တွင် စတင်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ပန်းပင်များ စိုက်ပျိုးပြီး နှစ်လခွဲမှ သုံးလအကြာတွင် ပန်းမျိုးအပေါ်မူတည်၍ ရိတ်သိမ်းခြင်းကို စတင်ပြုလုပ်နိုင်ကြောင်းနှင့် ဝယ်ယူသူများမှ စိုက်ခင်းအထိ လာရောက် ဝယ်ယူလျက်ရှိသည့်အတွက် မိသားစုဝင်ငွေအဆင်ပြေလျက်ရှိကြောင်း မာရီဂိုးပန်းစိုက်ပျိုးသူ ခွန်အောင်ဖေထံက သိရသည်။

(ယာဖုံ)

(၃၆၈)

✻-✻-✻-✻-✻-✻



၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်၊ ကြာသပတေးနေ့။

## မြိုးခြံချွေတာခြင်း အလေ့အကျင့်ရှိရန် မွေးမြူရမည်

လူ့လောကအလယ်တွင် ပညာမရှိလျှင် လူရာမဝင်နိုင်သကဲ့သို့ ငွေကြေးဥစ္စာမရှိလျှင်လည်း မျက်နှာငယ်ကြရမည်ဖြစ်သည်။ ငွေကြေးသုံးစွဲရာတွင် နှမြောစိတ်ရှိရန်လိုအပ်ပြီး မလိုအပ်သည့် နေရာများတွင် မသုံးသင့်ပေ။ ခြိုးခြံချွေတာရန်လိုအပ်မည်ဖြစ်သည်။ ခြုံခြံချွေတာခြင်းဟူသော စကားရပ်သည် မြန်မာလူမျိုးတို့အကြား မစိမ်းသော စကားရပ်လည်းဖြစ်သည်။ မိဘဘိုးဘွားဆရာသမားများ၏ ဆုံးမသွန်သင်မှုများတွင် နေ့စဉ်လိုလိုပါဝင်နေသော စကားရပ်လည်းဖြစ်သည်။ ခြိုးခြံချွေတာခြင်းဆိုသည်မှာ မသုံးစွဲဘဲနေခြင်း မဟုတ်ပါ။ အကျိုးမဲ့ အလဟဿမသုံးစွဲခြင်းကို ဆိုလိုပါသည်။ ခြိုးခြံချွေတာခြင်း၏ ဆန့်ကျင်ဘက်သည်မလိုအပ်ဘဲ ဖြုန်းတီးခြင်းဖြစ်သည်။

မိမိတို့၏ အသုံးအဆောင်ပစ္စည်းများ၊ စာရေးကိရိယာများ၊ ဝန်ထမ်းဖြစ်ပါက ရုံးဌာနပိုင်ပစ္စည်းများ မပျက်စီးအောင် မပျောက်ပျက်အောင် စည်းကမ်းတကျ အသုံးပြုရန်လိုအပ်မည်ဖြစ်သည်။ လျှပ်စစ်သုံးစွဲရာတွင် ခြိုးခြံချွေတာရန်လိုအပ်မည်ဖြစ်သည်။ လိုအပ်သည့်အလင်းရောင်ရှိနေလျှင် လျှပ်စစ်မီးသီး၊ မီးချောင်းများကို ပိတ်ထားသင့်သည်။ ထို့ကြောင့် ခြိုးခြံချွေတာခြင်းက မကုန်သင့်တာမကုန်အောင် မပျက်စီးသင့်တာကို မပျက်စီးအောင် နှိုင်းဆချင့်ချိန်ကာ သတိပြုသုံးစွဲခြင်းဟူ၍ ဆိုရမည်ဖြစ်သည်။

ထို့အပြင် မည်သည့်ကိစ္စတွင်မဆို လိုအပ်သလောက်သာ ချင့်ချိန်သုံးစွဲခြင်း၊ အသုံးချခြင်းကို စနစ်တကျ သုံးစွဲတတ်ခြင်းကို ဆိုလိုခြင်းလည်းဖြစ်သည်။ လိုအပ်သည်ထက်ပို၍ မချင့်ချိန်ဘဲ သုံးစွဲခြင်း၊ အသုံးပြုခြင်းကို ဖြုန်းတီးခြင်းဟုဆိုရမည်ဖြစ်သည်။ အရာရာစနစ်တကျ သုံးစွဲတတ်လျှင်ကောင်းကျိုးသုခရရှိမည်ဖြစ်ပြီးမလိုအပ်ဘဲ ဖြုန်းတီးပါက ဆိုးကျိုးများဖြင့် ကြုံတွေ့ရမည်ဖြစ်သည်။

လူသားတိုင်းသည် အစာအာဟာရမှီဝဲရာတွင် အစားအစာကို ချင့်ချိန်စားသောက်ရန်လည်းလိုအပ်မည်ဖြစ်သည်။ လိုအပ်သည်ထက်ပို၍စားမိလျှင် ဘေးဒုက္ခရောက်နိုင်ကြောင်း တွက်ချက်ထားရမည်ဖြစ်သည်။ လောကတွင် ခြိုးခြံချွေတာရုံသာမကပိုလျှံသည်များကို စုဆောင်းတတ်သောအလေ့အကျင့်ရှိရန်လည်း လိုအပ်မည်ဖြစ်သည်။

မိဘများသည် သားသမီးများ၏ရှေ့ရေးအတွက် မျှော်တွေးပြီး ကာယအား၊ ဉာဏအားတို့ဖြင့် စီးပွားရှာကြသည်။ သားသမီးများကို ပညာတတ်ကြီးများဖြစ်ရန်မျှော်မှန်းကာ ကျောင်းပညာသင်ယူစေကြသည်။ သားသမီးများက မိဘတို့ ဝယ်ယူပေးထားသည့် ကျောင်းသုံးစာရေးကိရိယာများကို မကုန်သင့်တာ မကုန်အောင် စည်းကမ်းတကျအသုံးပြုသင့်သည်။ လိုသည်ထက်ပို၍ သုံးစွဲလျှင် တန်ဖိုးမထားလျှင် မိခင်၊ ဖခင်တို့အပေါ်တွင် မရှိသေရာရောက်မည်ဖြစ်သည်။ ထို့အတူ ရုံးဝန်ထမ်းများအနေဖြင့်လည်း ရုံးအသုံးအဆောင်ပစ္စည်းများကို လိုအပ်သည်ထက်ပို၍ မသုံးစွဲခြင်းဖြင့် နိုင်ငံတော်ကို ကျေးဇူးဆပ်ရာရောက်မည်ဖြစ်သည်။ ရှေးလူကြီးများ၏ ဆိုရိုးစကားတစ်ခုရှိသည် "စီးတဲ့ရေ ဆည်တဲ့ကန်သင်း၊ ခြကိုပုံပြု ပျားနှယ်စု၊ အသုံးနှင့် အဖြုန်းဆင်ခြင်အုံး၊ ချမ်းသာခြင်းအစ ချွေတာခြင်းက" ဟူ၍ ဆိုရိုးစကားများကို ထားခဲ့ကြသည်။

သို့ဖြစ်ရာ လူတိုင်းလူတိုင်း ခြိုးခြံချွေတာခြင်း အလေ့အကျင့်ရှိရန် မွေးမြူရမည်ဖြစ်ပြီးလိုအပ်သလောက်သာစနစ်တကျ ချင့်ချိန်သုံးစွဲခြင်း၊ အသုံးချခြင်းဖြင့်ပျော်ရွှင်အေးချမ်းသော မိသားစုဘဝကို ပိုင်ဆိုင်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ထီးဖြူရုံစေတီတော်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မြစ်သား စက်တင်ဘာ ၂၃**

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် မြို့နယ်ရဲတပ်ဖွဲ့မှ ယနေ့ နံနက် ၈ နာရီအချိန်က မြို့မအရှေ့ရပ်ကွက်၊ ထီးဖြူရုံစေတီတော်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးငွေးဝင်းမှ ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှတပ်ဖွဲ့ဝင်များ၊ မြစ်သားမြို့မရဲစခန်းမှ စခန်းမှူးဒုရဲမှူးလင်းလင်းထွန်းနှင့်တပ်ဖွဲ့ဝင်များ၊ ကူမဲနယ်မြေရဲစခန်းမှ ရဲအုပ်မင်းမင်းဆွေနှင့် တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၅၁ ဦးတို့က အောက်တိုဘာ (၁) ရက်နေ့တွင်ကျရောက်မည့်(၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ထီးဖြူရုံစေတီတော်အတွင်း၊ အပြင်နေရာများရှိ အမှိုက်များ၊ သစ်ရွက်ခြောက်များဖယ်ရှားရှင်းလင်းခြင်း၊ သစ်ပင်များ၊ သစ်ကိုင်း၊ ခြုံနွယ်များ ရှင်းလင်းခြင်း အမြင်တင့်တယ်စေရေးနှင့် လေဝင်၊ လေထွက်ကောင်းမွန်စေရေး ခုတ်ထွင်ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

၀-၀-၀-၀-၀

## သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်း

**ပူတာအို စက်တင်ဘာ ၂၃**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကချင်ပြည်နယ်၊ ပူတာအိုခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ ဒေသထွက်သီးနှံများဖြစ်သည့် ဂရိတ်ဖရုသီး၊ ကျောက်ဖရုံသီး၊ သဘော်သီး၊ ဘုရင်သီး၊ နာနတ်သီးစသည်တို့အား ကျန်းမာရေးနှင့်ညီညွတ်သော တန်ဖိုးမြှင့်စားသောက်ကုန်များထွက်ပေါ်လာစေရန်၊ တန်ဖိုးမြှင့်စားသောက်ကုန်များ ထုတ်လုပ်သည့်နည်းပညာများပြန့်ပွားခြင်းဖြင့် စိုက်ပျိုးတောင်သူနှင့် စားသောက်ကုန်လုပ်ငန်းရှင်များ ဝင်ငွေတိုးပွား၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်စေရန်အတွက် ဖွင့်လှစ်ခဲ့သည့် သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်(၁၀)နာရီက ပူတာအိုမြို့နယ် မူလာဒီကျေးရွာဘက်စုံသုံးခန်းမ ဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနမ်ရဲမင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကိုထွေးက သင်တန်းဖွင့်လှစ်ခဲ့ခြင်းနှင့် လုပ်ငန်းထူထောင်လုပ်ကိုင်ရေးကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မေညွန့်က သင်တန်းထွက်ကုန်ချောပစ္စည်းများအား သင်တန်းသူတစ်ဦးကိုလည်းကောင်း၊ မြို့နယ်သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခမ်းကိုင်က သင်တန်းဆင်းလက်မှတ်များအား သင်တန်းသူတစ်ဦးကိုလည်းကောင်း အသီးသီးပေးအပ်ကြပြီး ကျေးရွာတာဝန်ခံ ဦးယော်ဆာဒွေ့နှင့် သင်တန်းသူများကိုယ်စား သင်တန်းသူဒေါ်နွေးနွေးလှိုင်တို့က သင်တန်းဖွင့်လှစ်ပေးခြင်းအပေါ်ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနမ်ရဲမင်း၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများနှင့် အခမ်းအနားတက်ရောက်လာသူများက သင်တန်းထွက်ကုန်ချောပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါသင်တန်းသို့ ပူတာအိုမြို့နယ် မူလာဒီကျေးရွာမှ သင်တန်းသူစုစုပေါင်း(၂၀)ဦးတို့အား ဒေသထွက်သီးနှံများဖြစ်သည့် ဂရိတ်ဖရု(ယို/ဖျော်ရည်/ဝိုင်)၊ ခရမ်းချဉ်သီးယို၊ နာနတ်သီးဖျော်ရည်၊ ကျောက်ဖရုံယို၊ အမေရိကန်သံပရာယို၊ သဘော်သီးယို(အချို/အစပ်)၊ ဘုရင်သီးဖျော်ရည်၊ အာလူးကြော်ပြုလုပ်နည်းများကို ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်တန်းနည်းပြများက စက်တင်ဘာ(၁၄)ရက်မှ (၂၃)ရက်အထိ သင်တန်းကာလ ဆယ်ရက်ကြာ စာတွေ့လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၂၃**

ကျောင်းသားလူငယ်များ ဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အခြေခံပညာကျောင်းများ၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲများကို စဉ်ဆက်မပြတ်ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့နံနက် ၉ နာရီက ကျောက်ဆည်မြို့မင်းစုအခြေခံပညာအထက်တန်းကျောင်း သံလွင်ခန်းမတွင် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး စာရေးဆရာကိုရွှေအောင်သင်းက "လူငယ်နှင့်အနာဂတ်နိုင်ငံတော်" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

ဟောပြောပွဲအပြီးတွင် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းခဲ့ရာ စာရေးဆရာကိုရွှေအောင်သင်းက ပြန်လည်ဖြေကြားခဲ့ပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်းနှင့် ကျောင်းသား၊ ကျောင်းသူများက ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ်များ၊ အသိပညာပေးနံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာကြည့်ရှုခဲ့ပြီး နေ့ခင်းပိုင်းတွင် ဟန်မြင့်မိုရ်အခြေခံပညာအထက်တန်းကျောင်းတွင် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၈၅)**



**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့.စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

☆ ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ ဒုတိယသမ္မတ ဦးညီညီစော၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ကြသည်မှာ ခြောက်လတာကာလသို့ ရောက်ရှိလာပြီဖြစ်ပြီး ရွေးကောက်ခံအစိုးရတစ်ရပ်အနေဖြင့် နိုင်ငံတော်၏ မူဝါဒများနှင့်အညီ မိမိတို့၏ အတွေ့အကြုံကောင်းများကိုအသုံးချ၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏လူမှုစီးပွားဘဝ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာများ အပါအဝင် ဖွံ့ဖြိုးတိုးတက်လာစေရေး အမြဲမပြတ် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း။

လတ်တလော ပြည်သူလူထုရင်ဆိုင်ကြုံတွေ့နေရသည့် ကုန်ဈေးနှုန်းကြီးမြင့်မှုကိုလည်း မိမိတို့ဒေသအလိုက်တာဝန်ရှိသူများက လုပ်သင့်လုပ်ထိုက်သည်များကို အမှန်တကယ် လုပ်ကိုင်ဖြေရှင်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့ဒေသအလိုက် ဝမ်းစာဖူလုံမှုရှိစေရေး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဒေသလိုအပ်ချက်အပေါ် မူတည်၍ စနစ်တကျတွက်ချက်ကာ တိုးချဲ့ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အဓိကလိုအပ်နေသည်မှာ အားလုံးက အမှန်တကယ် အလုပ်လုပ်ကြရန်ဖြစ်ကြောင်း၊ ဒေသတွင်း စားရေးဖူလုံရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန် ခွင့်ပြုချထားပေးသည့် မြေနေရာများကိုလည်း မှန်မှန်ကန်ကန် အသုံးချမှုမရှိဘဲ အခြားနည်းများဖြင့် တလွဲအသုံးချနေခြင်းများကိုလည်း ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် စနစ်တကျ ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်နေကြရန်လိုကြောင်း။

ထို့ပြင် ဒေသအလိုက် လုံခြုံရေးပိုင်းဆိုင်ရာ အရသော်လည်းကောင်း၊ တရားမဝင်ကုန်စည်စီးဆင်းမှုတိုက်ဖျက်ရေးအရသော်လည်းကောင်း ဖွင့်လှစ်ထားသည့် စစ်ဆေးရေးဂိတ်များရှိကြောင်း၊ အဆိုပါ စစ်ဆေးရေးဂိတ်များ၌ လုံခြုံရေးကို အကြောင်းပြ၍ ပေးအပ်ထားသည့် အခွင့်အာဏာကို မလျော်ကန်စွာ အသုံးချနေခြင်းများရှိနေကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်စည်စီးဆင်းမှုများ ဖြစ်ပေါ်လျက်ရှိပြီး အကျိုးဆက်အနေဖြင့် ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်ကို ပြည်သူလူထုအနေဖြင့် ခံစားနေကြရကြောင်း၊ အဆိုပါကိစ္စရပ်များကို ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းသွားကြရန်နှင့် တရားဥပဒေချိုးဖောက်မှုများကို ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားရန် အလေးအနက်ထား မှာကြားလိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိရေးနှင့်ပတ်သက်၍လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စိုက်ပျိုးသည့် မြေအခြေအနေ၊ ရာသီဥတုအခြေအနေများအပေါ် မူတည်ပြီး နိုင်ငံတကာနှင့်ချိန်ထိုး၍ နှစ်ပေါင်းများစွာအချိန်ယူကာ စနစ်တကျ သုတေသနပြုလေ့လာဆန်းစစ်တွက်ချက်ပြီး ပန်းတိုင်ရည်မှန်းချက်ကို သတ်မှတ်ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ ဆီဖူလုံမှုနှင့်ပတ်သက်၍ ဆီထွက်သီးနှံများအား ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းစားသုံးဖူလုံနိုင်မည်ဖြစ်သော်လည်း မိမိတို့အနေဖြင့် ပန်းတိုင်ရည်မှန်းချက်မပြည့်မီခြင်း၊ ဆီထွက်သီးနှံများအား ဆီကြိတ်ခွဲခြင်းမပြုလုပ်ဘဲ မိရိုးဖလာစားသုံးမှု၌ အသုံးပြုခြင်း၊ မြေပဲ၊ နှမ်းတို့ကို ကုန်ကြမ်းအဆင့်ဖြင့်ပင် ပြည်ပသို့တင်ပို့ခြင်းများ ဆောင်ရွက်နေကြရသည်ကိုလည်း တွေ့မြင်ရကြောင်း၊ သို့ဖြစ်၍ ပြည်တွင်းဆီဖူလုံမှုရှိစေရေး မိမိတို့အနေဖြင့် ဆီထွက်သီးနှံများ အမှန်တကယ်စိုက်ပျိုးကြရန်နှင့် တစ်ဧကအထွက်နှုန်းအတိုင်းထွက်ရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြမည်ဆိုပါက ပြည်ပမှစားသုံးဆီများ နှစ်စဉ်တင်သွင်းနေရမှုကို များစွာလျှော့ချနိုင်မည်ဖြစ်ကြောင်း။

ဆီထွက်သီးနှံများဖြစ်သည့် နှမ်း၊ နေကြာ၊ မြေပဲ၊ ပဲပုပ်နှင့် ဆီအုန်း စသည့်သီးနှံများကို မိမိတို့နိုင်ငံတွင် အဓိကစိုက်ပျိုးကြောင်း၊ အဆိုပါ အဓိကဆီထွက်သီးနှံများကို အမှန်တကယ် ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုး၊ ထုတ်လုပ်ဆောင်ရွက်မည်ဆိုပါက ပြည်တွင်းဆီဖူလုံမှုကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ဆီအုန်းစိုက်ပျိုးမှုနှင့်ပတ်သက်၍ တနင်္သာရီတိုင်းဒေသကြီးအတွင်း ယခင်က မြေနေရာများစွာကို ခွင့်ပြုပေးထားသော်လည်း ဆီအုန်းစိုက်ပျိုးမှုနှင့်ပတ်သက်၍ အားနည်းချက်များစွာရှိနေသေးသည်ကို တွေ့ရှိရကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်းများ အောင်မြင်အောင် စိုက်ပျိုး၍ စားသုံးဆီများကို ထုတ်လုပ်နိုင်မည်ဆိုပါက တနင်္သာရီတိုင်းဒေသကြီး မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့အတွက် ဒေသတွင်းစားသုံးဆီများ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း။

- ❖ ဒေသအလိုက် လုံခြုံရေးပိုင်းဆိုင်ရာအရသော်လည်းကောင်း၊ တရားမဝင်ကုန်စည်စီးဆင်းမှု တိုက်ဖျက်ရေးအရသော်လည်းကောင်း ဖွင့်လှစ်ထားသည့် စစ်ဆေးရေးဂိတ်များရှိ
- ❖ စစ်ဆေးရေးဂိတ်များ၌ လုံခြုံရေးကို အကြောင်းပြ၍ ပေးအပ်ထားသည့် အခွင့်အာဏာကို မလျော်ကန်စွာအသုံးချနေခြင်းများရှိနေ၊ တရားမဝင်ကုန်စည်စီးဆင်းမှုများ ဖြစ်ပေါ်လျက်ရှိပြီး အကျိုးဆက်အနေဖြင့် ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်ကို ပြည်သူလူထုအနေဖြင့် ခံစားနေကြရ
- ❖ အဆိုပါကိစ္စရပ်များကို ထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်းသွားကြရန်နှင့် တရားဥပဒေချိုးဖောက်မှုများကို ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားရန် အလေးအနက်ထားမှာကြားလို

စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် အဓိကနည်းလမ်းလေးသွယ်ဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်းကို စနစ်တကျဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် Contract Farming စနစ်ဖြင့် ဆောင်ရွက်နိုင်သော်လည်း တောင်သူများတစ်ဦးချင်း၏အကျိုးကို ပိုမိုဖော်ဆောင်နိုင်ရေးအတွက် မြန်မာ့အစဉ်အလာနှင့်ကိုက်ညီသည့် စုပေါင်းသမဝါယမစနစ်ကို ဖော်ဆောင်ပြီး တောင်သူများ စုပေါင်းစိုက်ပျိုးသည့်စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ တောင်သူများ စုပေါင်းစိုက်ပျိုးရန်အတွက် လိုအပ်သည့် စိုက်ပျိုးရေးချေးငွေများကိုလည်း နိုင်ငံတော်အနေဖြင့် သတ်မှတ်ချက်များအတိုင်း စနစ်တကျ ထုတ်ချေးပေးလျက်ရှိကြောင်း။

သီးထပ်စွမ်းအားမြှင့်တင်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်ရာတွင်လည်း အခြေခံကိန်းဂဏန်းအချက်အလက်များ မှန်ကန်ရန်လိုကြောင်း၊ သီးထပ်စွမ်းအားတိုးတက်လာစေရေး ဆောင်ရွက်ရာတွင် ရာသီဥတုနှင့် မြေအနေအထားကိုက်ညီသည့် သီးနှံများကို အချိန်မီစိုက်ပျိုးဆောင်ရွက်သွားရန်လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများအတွက် မဖြစ်မနေလိုအပ်သည့် ဓာတ်မြေဩဇာများ လုံလောက်စွာရရှိစေရေးအတွက်လည်း ပြည်ပမှတင်သွင်းခွင့်များကို အခွန်ကင်းလွတ်တင်သွင်းခွင့်ပြုပေးထားကြောင်း၊ မြေပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဓာတ်မြေဩဇာများ ထည့်သွင်းရန် လိုအပ်သကဲ့သို့ တိရစ္ဆာန်များ၏ စွန့်ပစ်ပစ္စည်းများ အသုံးပြု၍ ဇီဝမြေဩဇာအဖြစ်အသုံးပြုခြင်း၊ ပိုက်ဆံလျှော်ပင်များ၊ ဥဏ်ပင်များစိုက်ပျိုး၍ သဘာဝမြေဩဇာအဖြစ်အသုံးပြုခြင်းများကို ဆောင်ရွက်သွားနိုင်ကြောင်း၊ စိုက်ပျိုးရေများလုံလောက်စွာရရှိရေး မိမိတို့အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကောက်ကွက်များ ပြည့်မီစေရေး စံသတ်မှတ်ချက်များအတိုင်း စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေး နိုင်ငံတော်က လိုအပ်သည်များ ဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ စိုက်ပျိုးတောင်သူများအနေဖြင့်လည်း တစ်ဧကအထွက်နှုန်းတိုးတက်စေရေး တစ်ဦးချင်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသည် အဓိကအရေးကြီးသဖြင့် မိမိတို့အစိုးရအနေဖြင့် တစ်မျိုးသားလုံးပညာရည်မြင့်မားရေး ဦးစားပေးဆောင်ရွက်နေခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်အနေဖြင့်လည်း အလေးထားအားပေးဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ပညာရည်မြှင့်တင်ရေးနှင့်ပတ်သက်၍ ၂၀၂၁ ခုနှစ် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရချိန်တွင်လည်း နိုင်ငံတော်၏ပညာရည်မြင့်မားရေးအတွက် KG+9 အထိ မသင်မနေရပညာရေးစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မိမိတို့ဒေသများ၏ ပညာရည်မြှင့်တင်မှုဆိုင်ရာ စစ်တမ်းများကို စနစ်တကျပြုစု၍ သုတေသနပြုလေ့လာဆန်းစစ်ခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်သွားကြရန်လိုပြီး ကျောင်းနေအရွယ်ကလေးများ အားလုံး ကျောင်းနေနိုင်ရေး၊ တန်းစဉ်ကူးပြောင်းမှုများ မြင့်မားလာစေရေးဆောင်ရွက်သွားကြရန် အလေးထားမှာကြားလိုကြောင်း၊ ပညာရည်မြင့်မားရေးနှင့် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးသည် ဆက်စပ်လျက်ရှိနေပြီး စီးပွားရေးအရအားကောင်းမှသာလျှင် မိဘများအနေဖြင့်လည်း ပညာရေးကို အားပေးဆောင်ရွက်နိုင်မည်ဖြစ်ပြီး တန်းစဉ်ကူးပြောင်းမှုများ မြင့်မားလာမည်ဖြစ်သဖြင့် ဝန်ကြီးချုပ်များအနေဖြင့် ဒေသ၏စီးပွားရေး၊ ပညာရေး ဖွံ့ဖြိုးတိုးတက်ပြီး အားကောင်းလာစေရေး အလေးအနက်ထား ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

စာကြည့်တိုက်များ ဆောင်ရွက်ပေးနေခြင်းသည် သုတ၊ ရသ စာအုပ်စာစောင်များအား ဖတ်ရှုနိုင်ရန်ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများရှိ စာကြည့်တိုက်များအတွက်လိုအပ်သည့် သုတ၊ ရသစာအုပ်စာစောင်များကို နိုင်ငံတော်က လစဉ်ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ အတန်းအလိုက် သင်ကြားပေးသည့် အတန်းပညာရပ်များကို အမှန်တကယ်တတ်မြောက်အောင် သင်ကြားပေးရန်လိုအပ်သကဲ့သို့ အတွေးအခေါ်မြင့်မားစေရေးအတွက် ပြင်ပဗဟုသုတစာပေများကိုလည်း အမြဲဖတ်ရှုနေရန်အတွက် တာဝန်ရှိသူများက ကြပ်မတ်စည်းရုံးဆောင်ရွက်နေကြရန်လိုကြောင်း၊ ဗဟုသုတရရှိမည့် စာအုပ်စာစောင်များကို ဖတ်ရှုလေ့လာခြင်းဖြင့် တွေးခေါ်မြော်မြင်မှုများ ပိုမိုအားကောင်းလာမည်ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများနှင့် ဒေသဖွံ့ဖြိုးရေးအတွက်ဖွင့်လှစ်ပေးထားသည့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများကိုလည်း သင်ကြားသင်ယူမှုပတ်ဝန်းကျင်ကောင်းများဖြစ်စေရေးနှင့် စနစ်တကျဖြစ်စေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အုပ်ချုပ်မှုပိုင်းဆိုင်ရာနှင့် လိုအပ်ချက်များကို ဝိုင်းဝန်းဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်း။

အခြေခံပညာကျောင်းများအတွက် သင်ကြားရေးဆိုင်ရာ ဆရာ ဆရာမများ လိုအပ်ချက်ရှိနေဆဲဖြစ်သဖြင့် မည်ကဲ့သို့မွေးထုတ်ပေးသွားမည်ကိုလည်း အဖြေရှာဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသအလိုက် ပညာရေးဒီဂရီကောလိပ်များမှ မွေးထုတ်ပေးပြီး သင်တန်းဆင်းလာသူများကိုလည်း စနစ်တကျဖြင့် မှန်မှန်ကန်ကန် နေရာချထားတာဝန်ပေးအပ်သွားရန်လိုကြောင်း၊ ၎င်းတို့အနေဖြင့် ၎င်းတို့နေထိုင်ကြသည့် ဒေသများအလိုက် ဒေသ၏ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရည်မြှင့်တင်ရေး လုပ်ငန်းတာဝန်များကို အောင်မြင်စွာထမ်းဆောင်၍ ဒေသအတွက် ဆက်လက်အကျိုးပြုသွားနိုင်ကြရန် လိုကြောင်း၊ ပညာရေးနှင့်ဆက်စပ်၍ ကိုယ်ခန္ဓာကြံ့ခိုင်ဖွံ့ဖြိုးမှုနှင့် ကျန်းမာသန်စွမ်းမှုရှိစေရေးအတွက်လည်း ကာယပညာရပ်များ သင်ကြားပေးခြင်း၊ ဒေသအလိုက် အားကစားကွင်းများ၊ အားကစားရုံများ၊ အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူတာအိုဒေသ၌ လူဦးရေ အချိုးအစားအရ ဒေသနှင့်ကိုက်ညီသည့် ဒီဂရီကောလိပ်တစ်ခု ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ဥပဒေနှင့် စီးပွားရေးဘာသာရပ်များအပါအဝင် သင့်လျော်သည့် ဘာသာရပ်များဖြင့် စတင်ဖွင့်လှစ်သင်ကြားပေးမည်ဆိုပါက ဒေသအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်းနှင့် ပူတာအိုဒေသ၌ ဒီဂရီကောလိပ်တစ်ခု ဖွင့်လှစ်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနကလိုအပ်သည်များ ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း။

ယခုအခါ ကမ္ဘာနှင့်တစ်ဝန်းတွင် ရာသီဥတုဖောက်ပြန်မှုများ ဖြစ်ပေါ်လျက်ရှိပြီး ပြင်းထန်သည့် အယ်လ်နီညို အပူလှိုင်းဖြစ်ပေါ်မည်ဟု သတိပေးချက်များရှိနေကြောင်း၊ ကမ္ဘာ့နိုင်ငံကြီးများတွင်လည်း ရာသီဥတုဖောက်ပြန်မှုများကြောင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုး ဖြစ်ပေါ်ကြုံတွေ့ရလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း အယ်လ်နီညိုနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အပူချိန်လွန်ကဲမှုကြောင့် မြေအောက်ရေ လျော့နည်းကျဆင်းမှုများနှင့် ရေအရင်းအမြစ် ရှားပါးပြတ်လပ်မှုများ ဖြစ်ပေါ်လာနိုင်သဖြင့် သောက်သုံးရေနှင့် စိုက်ပျိုးရေများအတွက် လိုအပ်သည့်ရေများကို ကြိုတင်စုဆောင်းထားရှိရန် လိုကြောင်း၊ ရေကို စနစ်တကျ အကျိုးရှိစွာအသုံးပြုစေရေး အသိပညာပေးခြင်းများ ဆောင်ရွက်ကြရန်နှင့် လိုအပ်ပါက မြစ်ချောင်းများတွင် မြေအောက်တမံများ ပြုလုပ်ပြီး မြေအောက်ရေကို ထိန်းသိမ်းသွားကြရန်နှင့် ကြိုတင်ပြင်ဆင်၍ရသည်များကို ယခုကတည်းက စနစ်တကျဖြင့် စဉ်းစားပြင်ဆင် ဆောင်ရွက်ထားကြရန်လိုကြောင်း၊ မလိုအပ်ဘဲ သစ်ခုတ်ခြင်းများကို တားမြစ်ကြရန်နှင့် သစ်ပင်စိုက်ပျိုးခြင်းများကို စည်းရုံးအားပေး စိုက်ပျိုးဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း။

စာမျက်နှာ ၄ သို့ ☆

# အမျိုးသားအဆင့် နျူကလီးယားစွမ်းအင်အကောင်အထည်ဖော်ရေးဦးဆောင်ကော်မတီ အစည်းအဝေးကျင်းပ

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၂၃

အမျိုးသားအဆင့် နျူကလီးယားစွမ်းအင် အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ အမျိုးသားအဆင့် နျူကလီးယားစွမ်းအင် အကောင်အထည်ဖော်ရေးဦးဆောင်ကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမျိုးသားအဆင့် နျူကလီးယားစွမ်းအင်အကောင်အထည်ဖော်ရေးဦးဆောင်ကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

အစည်းအဝေးသို့ အမျိုးသားအဆင့် နျူကလီးယားစွမ်းအင် အကောင်အထည်ဖော်ရေးဦးဆောင်ကော်မတီ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားအဆင့် နျူကလီးယားစွမ်းအင် အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ပြုလုပ်သည့် အစည်းအဝေးသည် မြန်မာနိုင်ငံ၏ နျူကလီးယားစွမ်းအင်အစီအစဉ်နှင့် စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မျှော်မှန်းချက်၊ လုပ်ထုံးလုပ်နည်းများနှင့် လိုအပ်သည့်ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များထုတ်ပြန်ရန်၊ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းသည့် ရည်ရွယ်ချက်ဖြင့် အသုံးပြုနိုင်ရေး နိုင်ငံတကာနှင့် ဒေသတွင်း မိတ်ဖက် ပူးပေါင်းဆောင်ရွက်မှုများကို ထူထောင်နိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် နျူကလီးယားစွမ်းအင်ကဏ္ဍသည် အမျိုးသားအကျိုးစီးပွားနှင့် ဆိုင်သည့်ကိစ္စဖြစ်သောကြောင့် ဝန်ကြီးဌာနတစ်ခုတည်း၏တာဝန်မဟုတ်ဘဲ နိုင်ငံတော်အဆင့် ပူးပေါင်းဆောင်ရွက်ရမည့် ရေရှည်စီမံကိန်းကြီးတစ်ရပ် ဖြစ်သည့်အတွက် ယနေ့ဦးဆောင်ကော်မတီ၏ အခန်းကဏ္ဍသည်အလွန်ပင်အရေးကြီးကြောင်း။

ယနေ့ကမ္ဘာကြီးတွင် နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စွမ်းအင်လုံလောက်မှု၊ စွမ်းအင်တည်ငြိမ်မှုနှင့် ရေရှည်တည်တံ့သည့် စွမ်းအင်ရရှိရေးဟူသည့် စွမ်းအင်လုံခြုံရေးသည် အရေးကြီးသည့် အခြေခံလိုအပ်ချက်များဖြစ်လာကြောင်း၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်မီနည်းပညာများ အသုံးချနိုင်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ရေးတို့အတွက်လည်း ရေရှည်တွင် ယုံကြည်စိတ်ချရသည့် စွမ်းအင်ရင်းမြစ်များ လိုအပ်လျက်ရှိကြောင်း၊ ထို့ကြောင့် ထိုကဲ့သို့ အခြေအနေတွင် နျူကလီးယားစွမ်းအင်နှင့် နျူကလီးယား နည်းပညာများကို ငြိမ်းချမ်းစွာ အသုံးချနိုင်ရေးသည် အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထည့်သွင်းစဉ်းစားရမည့် အထူးကဏ္ဍတစ်ရပ်ပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နျူကလီးယားနည်းပညာကို ယနေ့မှစတင်လေ့လာခြင်း မဟုတ်ကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအနေဖြင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်အတွက် ၁၉၅၄ ခုနှစ်တွင် Union of Burma Applied Research Institute (UBARI)ကို ဖွဲ့စည်းခဲ့ကြောင်း၊ UBARI အောက်တွင် အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုနိုင်ရန် ရည်ရွယ်၍ Atomic Energy Centre (AEC/UBAEC) ကို ၁၉၅၅ ခုနှစ်ကတည်းက နိုင်ငံအတွက် ရေရှည်မြော်တွေးပြီး ရည်ရွယ်ချက်ကြီးမားစွာဖြင့် ဖွဲ့စည်းခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။ စာမျက်နှာ ၅ သို့ ★

☆ စာမျက်နှာ ၃ မှ

ဥပဒေပြုရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်ပြီး ဥပဒေပြုရေးတွင် လုပ်ဆောင်ရန် ကျန်ရှိနေသည်များ ရှိနေဆဲဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့်မှ ဖြည့်စွက်၊ ပြင်ဆင်ရေးဆွဲရန် ကျန်ရှိနေသေးသည့်ကိစ္စရပ်များ ရှိနေဆဲဖြစ်သကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့်လည်း သက်ဆိုင်ရာနယ်ပယ်အလိုက် မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်များနှင့် တိုင်ပင်ဆွေးနွေး၍ ခေတ်စနစ်နှင့်လိုက်လျောညီထွေမည့်ဥပဒေများ ပြောင်းလဲပြင်ဆင်ရေးဆွဲနိုင်သည်များကို ပြန်လည်ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဒေသအလိုက်ကုန်ဈေးနှုန်းကျဆင်းရေးနှင့် ဒေသဝမ်းစာဖူလုံရေး ဆောင်ရွက်လျက်ရှိမှု၊ စားသုံးဆီများဖူလုံမှုရှိစေရေး ဆီထွက်သီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ ပညာရည်မြင့်မားရေး ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် အပူရှိန်ပူပြင်းလာပြီး ဖြစ်ပေါ်လာနိုင်သည့် သောက်သုံးရေနှင့် စိုက်ပျိုးရေများ ရှားပါးပြတ်တောက်မှုမရှိစေရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ အကြောင်းအမျိုးမျိုးကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများ ပြန်လည်အခြေချနေထိုင်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိမှုနှင့် အခြားဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် နိုင်ငံတော်၏ပညာရည်ကဏ္ဍမြှင့်တင်နိုင်ရေးအတွက် အခြေခံပညာမူလတန်းအဆင့် အခမဲ့မသင်မနေရပညာရေးစနစ်မှ အလယ်တန်းအဆင့် KG+9 အထိ မသင်မနေရပညာရေးအဖြစ် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် မူဝါဒတစ်ရပ်အနေဖြင့် ပြောကြားခဲ့ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် အဆိုပါနိုင်ငံတော်၏ ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် ချမှတ်ထားခဲ့သည့် မူဝါဒကို အောင်မြင်အောင်စနစ်တကျဖြင့် အဆင့်ဆင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပညာတတ်လူသားအရင်းအမြစ်များဖြင့်သာ ဖွံ့ဖြိုးတိုးတက်ကောင်းမွန်သည့် နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်သည်ကို ကောင်းစွာသိရှိကြရန်လိုပြီး မိမိတို့အနေဖြင့် အလေးထားတည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်နေရုံဖြင့် မလုံလောက်ဘဲ ဆောင်ရွက်မှုများကို ပြန်လည်လေ့လာဆန်းစစ်ခြင်း၊ သုံးသပ်ခြင်း၊ ပိုမိုကောင်းမွန်အောင် မြှင့်တင်ဆောင်ရွက်ခြင်းများကို Check List များဖြင့် စဉ်ဆက်မပြတ် စစ်ဆေးသုံးသပ်ဆောင်ရွက်သွားမည်ဆိုပါက မလွဲမသွေအောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ကလေးငယ်များ ပညာသင်ကြားရာတွင် အနည်းဆုံးအဆင့် KG+9 အထိရရှိအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ထိုမှတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိရေး နိုင်ငံတော်မှ ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ကျောင်းစာတတ်မြောက်မှုရှိပါက အသိအမြင်အတွေးအခေါ်များနှင့် စွမ်းရည်စွမ်းအားရှိသည့် လူ့စွမ်းအားအရင်းအမြစ်များ ရရှိလာမည်ဖြစ်ပြီး ပြည်သူများ၏လူမှုဘဝတိုးတက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း။

ပညာရေးနှင့်ဆက်စပ်၍ ဆင်းရဲမွဲတေမှု လျှော့ချရေးကိုလည်းမိမိတို့အနေဖြင့်အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စီးပွားရေးကောင်းမွန်ပါက ဆင်းရဲမွဲတေမှုကို လျှော့ချနိုင်မည်ဖြစ်သဖြင့် နိုင်ငံ့စီးပွားရေးကောင်းမွန်မှုရှိစေရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဆင်းရဲမွဲတေမှုသည် နိုင်ငံ၏ဂုဏ်သိက္ခာနှင့် ဆက်စပ်နေသဖြင့် မှန်မှန်ကန်ကန်နှင့် အမှန်တကယ် အလုပ်လုပ်ကြရန်လိုကြောင်း၊ နိုင်ငံ၏ ရှိရင်းစွဲအရင်းအမြစ်ကောင်းများကို အကျိုးရှိရှိအသုံးချ၍ ဆင်းရဲမွဲတေမှုလျှော့ချရေးကို ဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်ရာတွင် ပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် အမှန်တကယ် အလုပ်လုပ်နိုင်ရေး ဖော်ဆောင်ပေးရမည်၊ ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးရမည်ကို ကောင်းစွာသိရှိပြီး အလေးထား အကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်း။

သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အခြေအနေနှင့် အချိန်အခါကို ကောင်းစွာသိရှိနားလည်ပြီး လျော်ညီစွာ လုပ်ကိုင်ဆောင်ရွက်တတ်ကြရန် လိုကြောင်း၊ မိမိတို့၏ လုပ်ငန်းကိစ္စရပ်များ၊ ပေးအပ်ထားသည့် ရည်မှန်းချက်များကို အောင်မြင်အောင် တွန်းအားပေးကြပ်မတ်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း မြေပြင်တွင် အမှန်တကယ်ဖြစ်ပေါ်နေသည့် အခြေခံအချက်အလက်များ၊ ကိန်းဂဏန်းအချက်အလက်များကို မှန်ကန်စွာသိရှိနိုင်မှသာလျှင် မူဝါဒနှင့် လမ်းညွှန်ချက်များကို မှန်ကန်စွာချမှတ်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးမှုနှင့်ပတ်သက်၍လည်း မသမာသည့်နည်းလမ်းများဖြင့် နိုင်ငံသားအဖြစ်ရရှိစေရေး၊ နိုင်ငံသားအယောင်ဆောင်ခြင်း၊ ဧည့်နိုင်ငံသားပြုခြင်းစသည်ဖြင့် ဆောင်ရွက်နေမှုများသည် နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားရေးအန္တရာယ်ရှိသည့် ကိစ္စရပ်များဖြစ်သဖြင့် မျက်ခြည်မပြတ် ကြပ်မတ်စိစစ်ဖော်ထုတ်အရေးယူသွားရန်လိုကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို အပြည့်အဝကာကွယ်စောင့်ရှောက်ရန်တာဝန်ရှိကြောင်း၊ နိုင်ငံတော်မှ သတ်မှတ်ပြဋ္ဌာန်းထားသည့် နိုင်ငံသားဥပဒေကို သိရှိအောင်လေ့လာ၍ အဂတိတရားကင်းရှင်းစွာဖြင့် မှန်မှန်ကန်ကန် ကြပ်မတ်စစ်ဆေး လုပ်ကိုင်ဆောင်ရွက်ကြရန်လိုကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင်လည်း ကောက်ခံရရှိသည့် ဝင်ငွေခွန်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်သဖြင့် ရသင့်ရထိုက်သည့်အခွန်အခများ မှန်မှန်ကန်ကန်ရရှိရေးနှင့် အခွန်ရှောင်မှုများ မရှိစေရေးအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မြို့ရွာများ၊ ရုံးဌာနများ၊ ဆေးရုံများ၊ စာသင်ကျောင်းများ အပါအဝင် မြို့ပြနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးတို့အတွက်လည်း လိုအပ်သည့် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်နှင့် သစ်ပင်စိုက်ပျိုးခြင်းများကိုလည်း စနစ်တကျစည်းရုံးအားပေး ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

❖ နျူကလီးယားနည်းပညာသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးတစ်ခုတည်းအတွက်သာမဟုတ်ဘဲ ကျန်းမာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ အစားအစာနှင့် အစားအစာဘေးကင်းလုံခြုံရေး၊ စက်မှုလုပ်ငန်း၊ သုတေသနနှင့် သိပ္ပံနည်းပညာကဏ္ဍများတွင်လည်း ငြိမ်းချမ်းစွာ အသုံးချနိုင်သည့် နည်းပညာဖြစ်

❖ နျူကလီးယားစွမ်းအင်နှင့် နည်းပညာများကို အမျိုးသားအကျိုးစီးပွားအတွက် အသုံးချရာ၌ နည်းပညာရရှိရေးတစ်ခုတည်းကိုသာ အာရုံစိုက်ခြင်းမဟုတ်ဘဲ ဘေးကင်းလုံခြုံရေး၊ လုံခြုံစိတ်ချရမှု၊ အပြည်ပြည်ဆိုင်ရာ အာမခံချက်များနှင့် စည်းမျဉ်းစည်းကမ်းများကို တစ်ပါတည်း ထည့်သွင်းစဉ်းစားရန်လိုသည်ကို သတိပြုရမည်

★ စာမျက်နှာ ၄ မှ

၁၉၅၅ ခုနှစ်တွင် ကျင်းပခဲ့သည့် International Conference on the Peaceful Uses of Atomic Energy တွင် မြန်မာနိုင်ငံက ပါဝင်တက်ရောက်ခဲ့ပြီး ၁၉၅၇ ခုနှစ် IAEA စတင်ဖွဲ့စည်းချိန်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့ကြောင်း၊ ၁၉၅၆ ခုနှစ်မှ ၁၉၆၂ ခုနှစ်အတွင်း အဏုမြူသိပ္ပံနှင့် နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရှင်များကို ပြည်တွင်းပြည်ပသင်တန်းများနှင့် ပညာသင်ဆုများ စေလွှတ်ခဲ့ကြောင်းကို အထောက်အထားများအရ သိရှိရကြောင်း၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာများတွင်လည်း အဏုမြူနှင့် ပတ်သက်သည့် သုတေသနလုပ်ငန်းများလည်း လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ မိမိမှတ်သားမိသည်မှာ စိုက်ပျိုးရေးကဏ္ဍတွင် စပါးမျိုးထွန်းနည်းပညာနှင့် စပါးမျိုးသစ်ရွှေဝါထွန်းမျိုးတို့သည် နျူကလီးယား နည်းပညာ အသုံးချပြီး ထွက်ရှိလာခြင်းဖြစ်ကြောင်း။

ယနေ့ကမ္ဘာတွင် စွမ်းအင်လုံခြုံရေး၊ လျှပ်စစ်ဓာတ်အားလိုအပ်ချက် တိုးတက်လာမှုနှင့်အတူ ကာဗွန်ထုတ်လွှတ်မှုလျှော့ချနိုင်ရေးတို့အတွက် နျူကလီးယားစွမ်းအင်၏အခန်းကဏ္ဍကို နိုင်ငံအများအပြားက ပြန်လည်အာရုံစိုက်လာကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း မိမိနိုင်ငံ၏ ရေရှည်စွမ်းအင်လိုအပ်ချက်အတွက် နျူကလီးယားစွမ်းအင်၏ အခန်းကဏ္ဍကို စနစ်တကျ လေ့လာသုံးသပ်ရန်လိုအပ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် လက်ရှိနှင့် လာမည့်ကာလများတွင် တိုးပွားလာမည့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် ရေရှည်စွမ်းအင်လုံခြုံရေးကို အာမခံနိုင်ရေးအတွက် ရရှိနိုင်သည့် စွမ်းအင်ရင်းမြစ်များကို ထိရောက်စွာ အသုံးချပြီး ရေရှည်အတွက် သင့်လျော်သည့် စွမ်းအင်မူဝါဒများကို စနစ်တကျ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်နေကြောင်း၊ မြန်မာနိုင်ငံ၏ စွမ်းအင်မူဝါဒသည် စွမ်းအင်ရင်းမြစ်တစ်မျိုးတည်းကို အားကိုးခြင်းမဟုတ်ဘဲ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy)၊ သဘာဝဓာတ်ငွေ့နှင့် အခြားရင်းမြစ်များကို ပေါင်းစပ်အသုံးပြုသည့် Mix Energy ကိုအခြေခံသင့်ကြောင်း၊ ယင်းနေရာတွင် နျူကလီးယားစွမ်းအင်သည် တည်ငြိမ်သည့် လျှပ်စစ်ဓာတ်အား ရရှိရေးနှင့် ရေရှည်စွမ်းအင်လုံခြုံရေးအတွက် လေ့လာသုံးသပ်ရမည့် ရွေးချယ်စရာတစ်ရပ်ဖြစ်သည်ကို တွေ့ရကြောင်း၊ နျူကလီးယားစွမ်းအင်မှ လျှပ်စစ်ထုတ်ယူမှုသည် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု အနိမ့်ဆုံးစာရင်းတွင်ပါဝင်ပြီး ရာသီဥတုအပေါ် မှီခိုရမှုမရှိခြင်းကြောင့် ၂၄ နာရီ ပတ်လုံးတည်ငြိမ်သည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရယူနိုင်ပြီး စက်ရုံအတွက် မြေဧရိယာအနည်းငယ်သာ လိုအပ်ခြင်း စသည့် အားသာချက်များရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေး SMR အခြေပြု အဏုမြူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကို ထည့်သွင်းလျာထားခဲ့ခြင်း ဖြစ်ကြောင်း။

ထို့ပြင် နျူကလီးယားနည်းပညာသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး တစ်ခုတည်းအတွက်သာ မဟုတ်ဘဲ ကျန်းမာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ အစားအစာနှင့် အစားအစာဘေးကင်းလုံခြုံရေး၊ စက်မှုလုပ်ငန်း၊ သုတေသနနှင့် သိပ္ပံနည်းပညာ ကဏ္ဍများတွင်လည်း ငြိမ်းချမ်းစွာ အသုံးချနိုင်သည့် နည်းပညာ ဖြစ်ကြောင်း၊ ထို့ကြောင့် နျူကလီးယားစွမ်းအင်နှင့် နည်းပညာများကို အမျိုးသားအကျိုးစီးပွားအတွက် အသုံးချရာ၌ နည်းပညာရရှိရေး တစ်ခုတည်းကိုသာ အာရုံစိုက်ခြင်းမဟုတ်ဘဲ ဘေးကင်းလုံခြုံရေး၊ လုံခြုံစိတ်ချရမှု၊ အပြည်ပြည်ဆိုင်ရာ အာမခံချက်များနှင့် စည်းမျဉ်းစည်းကမ်းများကို တစ်ပါတည်း ထည့်သွင်းစဉ်းစားရန် လိုသည်ကို သတိပြုရမည်ဖြစ်ကြောင်း၊ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုနိုင်ရေးအတွက် အကောင်အထည်ဖော်ရာတွင် 3S ဖြစ်သည့် လုံခြုံမှု၊ ဘေးကင်းမှု၊ အကာအကွယ်ရှိမှုဟူသည့် (Safety, Security and Safeguards)ကို အလေးထားရမည်ဖြစ်ပြီး အခြေခံမှုများကို ခိုင်မာစွာထားရှိရန် လိုအပ်ကြောင်း။

ယခုကဲ့သို့ နျူကလီးယားစွမ်းအင် ကဏ္ဍကို အမျိုးသားအဆင့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတကာအဖွဲ့အစည်းများ၊ အထူးသဖြင့် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင် အေဂျင်စီ(IAEA)နှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည်လည်း အရေးပါကြောင်း၊ နိုင်ငံတကာစံနှုန်းများ၊ ဘေးကင်းလုံခြုံရေးဆိုင်ရာ အကောင်းဆုံးအလေ့အကျင့်များနှင့်အညီ ဆောင်ရွက်နိုင်ရေး နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၊ ကျွမ်းကျင်သူများဖလှယ်မှုနှင့် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးတို့ကိုအလေးထားဆောင်ရွက်သွားရန်လိုကြောင်း။

မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ပြောရမည်ဆိုပါက မိမိတို့အနေဖြင့် အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးချရေးအတွက် IAEA ၏ မူဘောင်အတွင်းမှ ဆောင်ရွက်လျက်ရှိကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ နိုင်ငံပိုင် ကော်ပိုရေးရှင်းဖြစ်သည့် ROSATOM နှင့် မြန်မာနိုင်ငံတွင် နျူကလီးယားနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နျူကလီးယားနည်းပညာအပေါ် ပြည်သူလူထု၏အပြုသဘောဆောင်သည့် သဘောထားအမြင်များ တိုးမြင့်ရရှိရေးတို့အတွက် နှစ်နိုင်ငံသဘောတူညီချက်များတွင် မြန်မာနိုင်ငံအနေဖြင့် အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းသည့်နယ်ပယ်၌ အသုံးပြုရန်နှင့် SMR နည်းပညာအသုံးပြု လျှပ်စစ်ဓာတ်အား ထုတ်ယူရေး ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန်တို့ပါဝင်ကြောင်း။

ROSATOM နှင့် ပူးပေါင်းပြီး သိပ္ပံပွဲတော်ကို ၂၀၂၃ ခုနှစ်မှစပြီး နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာနှင့် ရန်ကုန်နည်းပညာတက္ကသိုလ်တို့တွင် နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ်တွင် NTIC နှင့် YTU အပြင် National State Polytechnics University (NSPU) တွင်လည်း ကျင်းပပြုလုပ်ခဲ့ကြောင်း၊ အခုနှစ်တွင်လည်း ဒီဇင်ဘာလဆန်းခန့်တွင် သိပ္ပံပွဲတော်ကို ကျင်းပရန်လျာထားကြောင်း၊ နျူကလီးယားစွမ်းအင်အပေါ် ပြည်သူလူထု၏ အပြုသဘောဆောင်သည့် သဘောထားအမြင်များရရှိရေး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ROSATOM နှင့်ပူးပေါင်း၍ နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာ (Nuclear Technology Information Center) တွင် နျူကလီးယားနည်းပညာနှင့် အပြည်ပြည်ဆိုင်ရာ ကွန်ဖရင့်နှင့် ပြပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ စာတမ်းဖတ်ပွဲများ၊ သိပ္ပံပွဲတော်များ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ အစည်းအဝေးများ၊ သတင်းနှင့် မီဒီယာအသိပညာပေး ဆွေးနွေးပွဲများ ကျင်းပပေးနေကြောင်း။

ယနေ့ကျင်းပသည့် အစည်းအဝေးတွင် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို သတ်မှတ်ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုခိုင်မာစေခြင်း၊ လူ့စွမ်းအားဖွံ့ဖြိုးရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးတို့အပြင် ရှေ့ဆက်ဆောင်ရွက်မည့် Roadmap နှင့် Action Plan များကိုလည်း အလေးထားဆွေးနွေးကြရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ ကဏ္ဍအလိုက် တာဝန်နှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းစွာ သတ်မှတ်ပြီး အပြန်အလှန် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ကြရန်လည်း တိုက်တွန်းလိုကြောင်း၊ အထူးသဖြင့် နျူကလီးယားစွမ်းအင်နှင့် နည်းပညာများကို အသုံးချရာတွင် နိုင်ငံအတွက် အကျိုးရှိစေရေး၊ ပြည်သူများအတွက် အကျိုးရှိစေရေးနှင့် ဘေးကင်းလုံခြုံစိတ်ချရစွာ အသုံးချနိုင်ရေးကို အခြေခံပြီး နိုင်ငံတကာစံနှုန်းများနှင့်အညီ စနစ်တကျအကောင်အထည်ဖော်သွားရန် လိုအပ်ကြောင်း။

ယနေ့အစည်းအဝေးသည် မိမိတို့ ဦးဆောင်ကော်မတီ၏ ပထမဆုံးအစည်းအဝေးဖြစ်သဖြင့် ရှေ့ဆက်ဆောင်ရွက်ရမည့်အချက်များကို သက်ဆိုင်ရာဌာနများက ဆွေးနွေးညှိနှိုင်းတင်ပြကြရန် ပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့် နျူကလီးယားစွမ်းအင် အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီအတွင်းရေးမှူး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကျော်က နျူကလီးယား စွမ်းအင်လုပ်ငန်း အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများက ဆပ်ကော်မတီများအလိုက် ပါဝင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယနေ့ အမျိုးသားအဆင့်နျူကလီးယားစွမ်းအင် အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ အစည်းအဝေး၌ သက်ဆိုင်ရာဌာနများမှ အလေးအနက်ထား ဆွေးနွေးသွားကြသည်မှာ ကောင်းမွန်မှု ရှိပါကြောင်း၊ ရှေ့ဆက်ဆောင်ရွက်ကြမည့် လုပ်ငန်းများကိုလည်း နားလည်သဘောပေါက်ကြပြီးဖြစ်သည်ဟု ယူဆပါကြောင်း၊ နျူကလီးယားစွမ်းအင် အစီအစဉ်၏ အခြေခံသည် အမျိုးသားအကျိုးစီးပွား ဖြစ်ရမည်ဖြစ်ပြီး မည်သည့်နိုင်ငံ၏ နည်းပညာ၊ မည်သည့်နိုင်ငံတကာ မိတ်ဖက်နှင့် ပူးပေါင်းသည်ဖြစ်စေ မြန်မာနိုင်ငံ၏ ရေရှည်စွမ်းအင်လိုအပ်ချက်၊ စီးပွားရေးအခြေအနေ၊ နည်းပညာစွမ်းရည်၊ လူ့စွမ်းအားနှင့် လုံခြုံရေးအခြေအနေများနှင့် ကိုက်ညီမှု ရှိ၊ မရှိကို အဓိကထား သုံးသပ်ရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံ၏ နျူကလီးယားစွမ်းအင် ဖွံ့ဖြိုးရေးခရီးစဉ်သည် လက်ရှိအခြေအနေ အရ အခြားနိုင်ငံများ၏ အတွေ့အကြုံများ ကိုလေ့လာရန် လိုအပ်သကဲ့သို့ မိမိနိုင်ငံ၏ အခြေအနေများနှင့် မကိုက်ညီသည့်အရာများကိုလည်း နားလည်ထားရမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်သည်အမျိုးသား အကျိုးစီးပွားအတွက် ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်ဖြစ်သဖြင့် National Nuclear Infrastructure Development ကို တာဝန်ပေးအပ်ထားသည့်ဝန်ကြီးဌာနများမှဆိုင်ရာ တာဝန်များကို အဆင့်လိုက် အကောင်အထည်ဖော်သွားရန် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့အစည်းအဝေးမှစ၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဦးဆောင်ကော်မတီ၊ ပညာရှင်များနှင့် နိုင်ငံတကာ မိတ်ဖက်များ အားလုံးအနေဖြင့် တစ်ဦးနှင့်တစ်ဦး ပူးပေါင်းညှိနှိုင်းပြီး သတ်မှတ်ထားသည့် လုပ်ငန်းတာဝန်များကို အချိန်မီ၊ အရည်အသွေးပြည့်မီစွာ အကောင်အထည်ဖော်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

**✻ အားကောင်းသောမုန်တိုင်းငယ်မှ**

အားကောင်းသော မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေ မရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**အားကောင်းသောမုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မွန်းလွဲ ၃ နာရီခွဲတွင် မြောက်လတ္တီကျု ၁၈ ဒသမ ဝ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၄ ဒသမ ၃ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၅ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ နှုန်းခန့်ဖြစ်သည်။

**နောက် ၁၂ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ယနေ့ညပိုင်းတွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်း-ဩရိသ ပြည်နယ်တောင်ပိုင်း ကမ်းခြေတို့ကို ဗီဆာကာပတ္တနမ်မြို့နှင့် ဂိုလ်ပါပူမြို့တို့အကြား ကာလင်ဂါပတ္တနမ်မြို့အနီးမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အားကောင်းသော မုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ညနေမှ စက်တင်ဘာ ၂၅ ရက်အတွင်း ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှနေရာကျဲကျဲနှင့်နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသော မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများ အနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြု ရှောင်ရှားနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# သတင်းထုတ်ပြန်ချက်

TIME

Time Magazine
3 Bryant Park
New York,
NY 10036
Tel: (212) 522-1212

Embassy of Myanmar,
15 St Martin's Dr,
Singapore 257996.

Tuesday, April 28, 2026

Dear Chargé d'Affaires U Zaw Minn Aung,

Greetings from TIME Magazine. I am our Asia Bureau Chief based in Singapore and writing to respectfully request an interview with His Excellency President U Min Aung Hlaing.

Following U Min Aung Hlaing's decisive election victory we at TIME believe the moment is perfect to publish an extensive interview to our millions of readers in the U.S. and around the globe. Our aim would be to provide U Min Aung Hlaing with the opportunity to explain his plan to restore prosperity and stability to Myanmar.

We would be delighted to travel to Yangon or Naypyidaw to conduct the interview whenever convenient. Provided sufficient time and access, our intention would be to feature the article on the prestigious TIME Cover internationally, as former President U Thein Sein also enjoyed in 2013 following his election victory.

As you may know, TIME is a favorite publication of President Donald Trump—he is a multiple TIME Person of the Year—and is the only Magazine distributed to every member of U.S. Congress. We would like to give President U Min Aung Hlaing an opportunity to explain to President Trump and all Americans why he believes U.S. sanctions on Myanmar should be rescinded.

By way of introduction, I have been a journalist with TIME for over 13 years and during that time interviewed many Heads of State, most recently the leaders of South Korea, Australia, Indonesia, Thailand, Japan, Pakistan, Bangladesh, Bhutan, Mongolia, Taiwan, Bangladesh, as well as His Holiness the Dalai Lama. I hope we can add Myanmar to that list soon.

Please feel free to call me on the number below to discuss any details.

Warmest regards,

Charlie Campbell
Editor-at-Large
TIME
+65 8422 9953
charlie.campbell@time.com

Time မဂ္ဂဇင်းအနေဖြင့် မြန်မာအစိုးရက ပြည်ထောင်စု မပြိုကွဲရေးနှင့် အမျိုးသား စည်းလုံးညီညွတ်ရေးကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သည့် နိုင်ငံတော်၏ သမိုင်းဝင်အခန်းကဏ္ဍ၊ မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ခဲ့မှုများ၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၏ အောင်မြင်မှုများကို ယင်းတို့၏မဂ္ဂဇင်းတွင် "the Future of Myanmar" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြရန် အင်တာဗျူးပြုလုပ်လိုကြောင်း မြန်မာသံရုံး၊ စင်ကာပူမှတစ်ဆင့် မေတ္တာရပ်ခံ အဆိုပြုလာခဲ့သည်။

Time Magazine သည် ဂုဏ်သိက္ခာရှိသော သတင်းဌာနတစ်ခုဖြစ်သည့်အတွက် အဆိုပြုမေတ္တာရပ်ခံချက်အပေါ် အပြုသဘောဆောင် တုံ့ပြန်သည့်အနေဖြင့် သတင်းထောက် Charlie Campbell အား နိုင်ငံတော်သမ္မတက လက်ခံတွေ့ဆုံခဲ့ပြီး မေးမြန်းသည့် မေးခွန်းများကို လက်ခံဖြေကြားခဲ့သည်။ သို့သော် ၎င်းသည် Time Magazine Online Media တွင် ဖော်ပြခဲ့ရာ၌ မူလအင်တာဗျူးဆောင်ရွက်ခဲ့သည့် အမေး၊ အဖြေ အင်တာဗျူးပုံစံမဟုတ်ဘဲ ဆောင်းပါးပုံစံဖြင့် ရေးသားဖော်ပြခဲ့သည့်အပြင် အမှန်တကယ်ဖြေကြားခဲ့မှုများကိုလည်း ထင်ဟပ်ဖော်ပြခဲ့ခြင်း မရှိခဲ့ပါ။ ထို့ပြင် မလိုလားအပ်သော အပြုသဘောမဆောင်သောရေးသားချက်များ၊ အခြားပုဂ္ဂိုလ်များနှင့် တွေ့ဆုံမေးမြန်းမှုများနှင့် သုံးသပ်ချက်များကိုလည်း ထည့်သွင်းဖော်ပြခဲ့သည်။

Time Magazine နှင့် သတင်းထောက်တို့က မီဒီယာကျင့်ဝတ်(Media Ethics) နှင့် မလျော်ညီစွာ ကနဦးဆွေးနွေးသဘောတူညီချက်တွင် မပါဝင်သည့် အကြောင်းအရာများအား အလေးပေးဖော်ပြ၍ နိုင်ငံတကာမှ မြန်မာအစိုးရနှင့် မြန်မာနိုင်ငံအပေါ် အထင်အမြင်လွဲမှားစေမည့် အသုံးအနှုန်းများကို သုံးနှုန်းကာ ၎င်းတို့စိတ်ကြိုက် ရေးသားဖော်ပြခဲ့သည်။ (နိုင်ငံတော်သမ္မတနှင့် သတင်းထောက် Charlie Campbell ၏ အမေးအဖြေများကိုလည်း စာမျက်နှာ ၇ တွင် ဖော်ပြထားပါသည်။)

သို့ဖြစ်ရာ Time Magazine ၏ သတင်းထောက်ဖြစ်သော Charlie Campbell ၏ ရေးသားချက်များသည် မီဒီယာကျင့်ဝတ်သိက္ခာကို စောင့်ထိန်းလိုက်နာခြင်း မရှိသည့်အတွက် ပြစ်တင်ရှုတ်ချကြောင်း ဖော်ပြအပ်သည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်

### တိုင်းမ်မဂ္ဂဇင်း၏ အယ်ဒီတာချုပ် Charlie Campbell ၏ ကိုယ်ရေးအကျဉ်း



Charlie Campbell သည် ၂၀၁၃ ခုနှစ်တွင် တိုင်းမ်မဂ္ဂဇင်း၌ စတင်လုပ်ကိုင်ခဲ့ပြီး ဟောင်ကောင်မြို့၊ ပေကျင်းမြို့၊ ရှန်ဟိုင်းမြို့၊ လန်ဒန်မြို့နှင့် စင်ကာပူမြို့တို့တွင် အခြေစိုက်သည့် သတင်းထောက်နှင့် အယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ကိုဗစ်-၁၉ ကပ်ရောဂါများ ဖြစ်ပွားချိန်တွင် ဝူဟန်မြို့၌ သတင်းရယူခြင်း၊ ယူကရိန်းစစ်ပွဲကြောင့် ဒုက္ခသည် အမြောက်အများ ထွက်ခွာမှု၊ နယူးဇီလန်နိုင်ငံ Christchurch ဗလီတိုက်ခိုက်ခံရမှုနှင့် ဒုတိယမြောက်အဲလိဇဘက်ဘုရင်မကြီး နတ်ရွာစံမှုတို့အပါအဝင် ကမ္ဘာကျော်ကြားသောသတင်းများကို ရိုက်ကူးဖော်ပြခဲ့ပါသည်။

အင်္ဂလန်နိုင်ငံသား Campbell သည် ကွမ်တမ်ကွန်ပျူတာနည်းပညာဆောင်းပါးမှ ဒလိုင်းလာမား၏ သတင်းဆောင်းပါးထိ TIME မဂ္ဂဇင်း၏ မျက်နှာဖုံးဆောင်းပါးပေါင်း ၂၀ ကျော် ရေးသားခဲ့ပါသည်။ ၎င်းသည် ၂၀၂၄ ခုနှစ်တွင် ကမ္ဘာ့အကြီးအကဲများနှင့် အစိုးရအဖွဲ့ခေါင်းဆောင် (၁၀) ဦးအပါအဝင် ကမ္ဘာ့နိုင်ငံများမှ ခေါင်းဆောင်များကို တွေ့ဆုံမေးမြန်းမှုများ ဆောင်ရွက်ခဲ့ပြီး Huawei တည်ထောင်သူ Ren Zhengfei ၊ Foxconn ၏ အမှုဆောင်အရာရှိချုပ် Terry Gou နှင့် Uniqlo ဥက္ကဋ္ဌ Tadashi Yanai တို့ကဲ့သော အာရှဒေသ၏ ဩဇာလွှမ်းမိုးမှုအရှိဆုံး စီးပွားရေးခေါင်းဆောင်များနှင့်လည်း တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ပါသည်။

Charlie Campbell သည် လက်ရှိတွင် စင်ကာပူနိုင်ငံအခြေစိုက် တိုင်းမ်မဂ္ဂဇင်း၏ တာဝန်ခံအယ်ဒီတာချုပ် (Editor-at-Large) အဖြစ်ဆောင်ရွက်လျက်ရှိပါသည်။

.......





---

○ ရှမ်းပြည်နယ်မှ

ကတ္တရာထပ်ပိုးလွှာခင်းပြီး ကျန်တစ်မိုင်အား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကာ ယခုအခါ လုပ်ငန်းတစ်ခုလုံး၏ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်သည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ပြီးစီးသွားပါက ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ပြီး ယနေ့တွင် ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးရဲလွင်ဦးနှင့်အဖွဲ့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆောင်ရွက်ပေးလျက်ရှိ

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း)အတွင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် မြေလမ်း ၁၀ မိုင် ၅ ဖာလုံ၊ အမာခံဖြုန်းလမ်း ၃ မိုင် ၃ ဖာလုံ၊ ကျောက်လမ်းပြုပြင်ထိန်းသိမ်းခြင်း ၄ ဖာလုံ၊ ကျောက်လမ်း ၄ မိုင် ၇ ဖာလုံ၊ ကတ္တရာလမ်း ၅ မိုင် ၄ ဒသမ ၁ ဖာလုံ၊ ကွန်ကရစ်တံတား ၁၀ စင်း၊ Box Culvert ၁၈ စင်း၊ ကွန်ကရစ်ရေပြွန် ငါးစင်း၊ ကျောက်တောင်မိုင်းခွဲခြင်းလုပ်ငန်း နှစ်ဖာလုံ၊ ကျောက်စီရေမြောင်းလုပ်ငန်း ပေ ၁၅၀၊ မြေထိန်းနံရံ ပေ ၂၀၀၊ ဆိုလာမီး တပ်ဆင်ခြင်း ၉၆၅ စုံ၊ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေတင်ခြင်းလုပ်ငန်း ငါးခုနှင့် ဦးစီးဌာနလုပ်ငန်း ၁၂ ခုတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မြစ်သားမြို့နယ်တွင် မိုးစပါးစိုက်ဧက ၆၂၃၈၅ ဧကလျာထားခဲ့ရာ လျာထားဧကအားလုံး စိုက်ပျိုးပြီးစီး

**မြစ်သား စက်တင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၌ မိုးစပါးစိုက် ဧက ၆၂၃၈၅ ဧကစိုက်ပျိုးရန် လျာထားခဲ့ရာ လျာထားဧကအားလုံးစိုက်ပျိုးပြီးစီးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြစ်သားမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် မိုးစပါးကို ကင်းတားဆည်ရေဖြင့်လည်းကောင်း၊ မိုးကောင်းရေသောက်စနစ်ဖြင့်လည်းကောင်း၊ မြစ်ရေတင်စနစ်ဖြင့်လည်းကောင်း စိုက်ပျိုးလျက်ရှိရာ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၌ မိုးစပါးစိုက်ဧက ၆၂၃၈၅ ဧက စိုက်ပျိုးရန်လျာထားသတ်မှတ်ခဲ့ပြီး ဩဂုတ်လ ပထမပတ်မှ စတင်၍ စိုက်ပျိုးခဲ့ရာ မိုးစပါးလျာထားဧက အားလုံး စိုက်ပျိုးပြီးစီးခဲ့သည်။

မြစ်သားမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၉၂ အုပ်စု၌ မိုးစပါးမျိုးကွဲအလိုက် စိုက်ပျိုးရာတွင် မနောသုခ၊ ဧရာမင်း၊ ဆင်းသုခ၊ ရွှေမနော်၊ အောင်နိုင်တိုး၊ ပေါ်ဆန်းရင် စသည့် မျိုးများကို ဒေသခံတောင်သူများက ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။ **ဝါဝါမြင့်(မြစ်သား)**

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော်၌ Time Magazine မှ သတင်းထောက် Charlie Campbell ၏ တွေ့ဆုံမေးမြန်းမှုများအပေါ် ဖြေကြားချက်

မေး။ ။အဆွေတော် သမ္မတကြီးခင်ဗျာ၊ အခုလိုမျိုး တွေ့ဆုံပြီးတော့ မြန်မာနိုင်ငံရဲ့ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို မေးမြန်းခွင့်ရတဲ့အတွက် များစွာ ကျေးဇူးတင်ပါတယ်။ အခုလို တွေ့ဆုံ ဆွေးနွေးရတဲ့ အကြောင်းရင်းကတော့ အနောက် နိုင်ငံတွေ အထူးသဖြင့် အမေရိကန်နိုင်ငံကို မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပေါ်နေတဲ့အခြေအနေ၊ အဆွေတော်ရဲ့ တာဝန်ထမ်းဆောင်မှု အခြေအနေ တွေကို ပြောပြနိုင်မယ့်အခွင့်အရေး ရရှိစေဖို့အတွက် ဒီနေ့ လာရောက်တွေ့ဆုံမေးမြန်းရခြင်း ဖြစ်ပါ တယ်။

ဖြေ။ ။ကျွန်တော်လည်း တွေ့ရတာဝမ်းသာပါ တယ်။ ခင်ဗျားတို့ကလည်း ကမ္ဘာမှာ ကျော်ကြားတဲ့ သတင်းဌာနကြီးတစ်ခုဖြစ်သလို မဂ္ဂဇင်းကလည်း အင်မတန်ထင်ရှားတဲ့ မဂ္ဂဇင်း လည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း လက်ခံတွေ့ဖို့ အတွက် ကျွန်တော်သဘောတူလိုက်တာပါ။ ကျွန်တော်လည်း ပြောခွင့်ရတာပေ့ါ။ ခင်ဗျားတို့ရဲ့ ဖြောင့်မတ်တည်ကြည်မှုနဲ့ မှန်မှန်ကန်ကန်သတင်း ထဲမှာရေးတယ်။ သတင်းကတော့ ရေးရမှာပါ။ အနောက်နိုင်ငံကတော့ အနောက်နိုင်ငံရဲ့ လိုလား ချက်တွေ ရေးလေ့ရှိတယ်။ သို့သော် ခင်ဗျားတို့က သိပ်ပြီးတော့ ဆိုးဆိုးရွားရွားမဟုတ်ဘဲ ထင်ထင် ရှားရှားရေးတာတွေလည်း သတိပြုမိပါတယ်။ ဒါကြောင့်လည်း ခင်ဗျားနဲ့ ကျွန်တော်တွေ့ဖို့အတွက် ကျွန်တော်စဉ်းစားပါတယ်။ သို့သော် ကျွန်တော် လည်းမအားတဲ့အတွက်ကြောင့် အချိန်တွေက ခဏခဏပြောင်းနေရတဲ့အတွက်တော့ နားလည် ပေးဖို့ ပြောချင်ပါတယ်။

မေး။ ။အဆွေတော် သမ္မတကြီးခင်ဗျာ၊ ဆယ်စုနှစ် ပေါင်းများစွာ တပ်မတော်မှာ အဆွေတော် သမ္မတကြီးက စစ်မှုထမ်းခဲ့ပါတယ်။ ရွေးကောက်ပွဲ ပြီးခဲ့တဲ့နောက် ဧပြီလကစပြီး မြန်မာနိုင်ငံရဲ့သမ္မတ အဖြစ် တာဝန်ထမ်းဆောင်နေတာဖြစ်ပါတယ်။ ဒီလို အရပ်သားတစ်ယောက်အဖြစ် တာဝန်ထမ်းဆောင် တဲ့အပေါ်မှာ တပ်မတော်သားဘဝနဲ့ နှိုင်းယှဉ်ပြီး တော့ ဘယ်လိုမျိုး ချိန်ညှိဆောင်ရွက်ရတယ်ဆိုတာ ကို သိရှိလိုပါတယ်။

ဖြေ။ ။ကျွန်တော့်အတွက် သိပ်ပြီးခက်ခဲတာတော့ မဟုတ်ဘူး။ ကျွန်တော် တပ်မတော်သား တစ်ယောက်ဘဝကတော့ နှစ်ပေါင်း ၅၀ လောက် ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့တာပါ။ ဒါပေမယ့် ကျွန်တော့်မိဘတွေက Civilian တွေ၊ အရပ်သားတွေ ဖြစ်ပါတယ်။

ကျွန်တော့်မိဘတွေကတစ်ဆင့် ထိတွေ့မှု ဆိုတာ ကျွန်တော်တို့ကရှိပါတယ်။ တပ်ထဲမှာလည်း ကျွန်တော်တို့မိသားစုတွေ လိုက်နေကြတာပါ။ တပ်ချည်းပဲနေတာမဟုတ်ဘူး။ မိသားစုတွေနဲ့ နေပြီး Family လို နေကြတယ်။ ကျွန်တော်တို့ Family Army လို့တောင် တင်စားပြီးပြောကြတယ်။ မိသားစုဝင်တွေ တပ်ထဲမှာ လိုက်နေကြတာပါ။ တာဝန်အရသွားကြရင် သွားမယ်၊ သို့သော်လည်းပဲ မိသားစုတွေနေကြတယ်။ အဲဒီမိသားစုတွေကလည်း ပြည်သူကနေပေါက်ဖွားလာတဲ့ လူတွေပဲ။ တပ်မတော်ကလည်း နိုင်ငံရဲ့အစိတ်အပိုင်းတစ်ခု ဖြစ်တယ်။ တပ်မတော်သားမိသားစုတွေကလည်း ပြည်သူတွေရဲ့အစိတ်အပိုင်းဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့က ပြည်သူနဲ့ထိတွေ့မှုက အစကတည်း က ရှိပြီးသားဖြစ်တယ်။ ဒါကတစ်ချက်ပါ။

နောက်တစ်ခုက ကျွန်တော်တို့က ပြည်သူ့ အကျိုးပြုလုပ်ငန်းတွေကို စနေနေ့၊ တနင်္ဂနွေနေ့ဆို အမြဲတမ်းလုပ်ကြတယ်။ တိုင်းပြည်အတွက် တပ်တွေ အကုန်လုံးလုပ်ကြတာပါ။ တပ်မတော်သားလည်းပါ၊ မိသားစုလည်းပါကြတယ်၊ ပြည်သူနဲ့ထိတွေ့မှုတွေ ရှိကြတယ်။ ဒါကြောင့် စစ်သက်တစ်လျှောက်လုံးမှာ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Time Magazine မှ သတင်းထောက် Charlie Campbell ၏ တွေ့ဆုံမေးမြန်းမှုများကို ဖြေကြားစဉ်။

ဒီလိုထိတွေ့မှုတွေ ရှိလာခဲ့တယ်။

နောက်တစ်ခုက ကျွန်တော် တိုင်းမှူးဖြစ်တဲ့ အချိန်မှာ ကျွန်တော် ပြည်နယ်ဥက္ကဋ္ဌတာဝန်၊ အရပ်ဘက်အုပ်ချုပ်ရေးတာဝန် တွဲယူရတယ်။ ရခိုင် ပြည်နယ်နဲ့ ရှမ်းပြည်နယ်မှာ တွဲယူခဲ့တာရှိတယ်။ အဲဒါ လေးနှစ်လောက် အတွေ့အကြုံရှိတယ်။ ကျွန်တော်ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်မှာ တိုင်းပြည်ရဲ့ အခြေအနေအရ အရေးပေါ်အခြေအနေ ကြေညာတဲ့ အချိန်မှာ ကျွန်တော် တိုင်းပြည်ကို ခေတ္တတာဝန်ယူ တဲ့အချိန်မှာ ကျွန်တော့်အစိုးရအနေနဲ့လည်း ပြည်သူနဲ့ထိတွေ့မှုတွေ ကျွန်တော်လုပ်ခဲ့တာတွေ ရှိတယ်။ အဲဒီအတွေ့အကြုံတွေက ကျွန်တော် ဒီဘက် တာဝန်ထမ်းဆောင်မှုအတွက်တော့ အများကြီး အထောက်အကူရပါတယ်။ ဒါကြောင့် ကြီးကြီး ကျယ်ကျယ်တော့ လိုက်လျောညီထွေဖြစ်အောင် လုပ်ရတာတော့မရှိဘူးလို့ ကျွန်တော်ပြောချင်ပါ တယ်။

မေး။ ။အခုလက်ရှိ သမ္မတတာဝန်ထမ်းဆောင် နေတဲ့အချိန်မှာ ခေါင်းဆောင်မှုနဲ့ ပတ်သက် ပြီး တပ်မတော်မှာကျင့်သုံးခဲ့တဲ့ ခေါင်းဆောင်မှုကို ပိုမိုပြီးတော့ ကျင့်သုံးလေ့ရှိပါသလား။

ဖြေ။ ။အဲဒါတော့မတူဘူး။ အရပ်သားနဲ့ စစ်သား နဲ့မတူဘူး။ စစ်သားတွေအုပ်ချုပ်မှုက အမိန့်ပေးရတာပါ။ အမိန့်ပေးတယ်၊ command နဲ့ သွားတယ်။ အရပ်သားကျတော့ ကျွန်တော်တို့က တိုက်တွန်းရတာပါ။ ကျွန်တော်တို့နှိုးဆော်ရတယ်၊ တိုက်တွန်းရတယ်၊ နားလည်အောင်ရှင်းပြရတယ်။ ဒါတွေတော့လုပ်ရပါတယ်။

ဒီမှာတစ်ခုရှိတယ်၊ ခုနကအမေးကို ပြောတဲ့ အထဲမှာ ကျွန်တော် တစ်ခုပြောပြမယ်။ ကျွန်တော်တို့ commander ဆိုတာကတော့ တပ်မှူးကောင်း စိတ်ဓာတ်လည်းရှိဖို့လိုသလို ဖခင်စိတ်ဓာတ်လည်း ရှိရတယ်။ အဖေလိုနေရတယ်၊ ရဲဘော်တွေအတွက် ဖခင်လိုနေရတယ်။ စစ်တိုက်တဲ့နေရာမှာတော့ အမိန့်ပေးပြီးတိုက်တာရှိမယ်၊ တာဝန်ပေးပြီး အမိန့် ပေးရတယ်။ သို့သော် ကျန်တဲ့ ကိုင်တွယ်အုပ်ချုပ်တဲ့ နေရာမှာတော့ မိဘတစ်ယောက်အနေနဲ့ အုပ်ချုပ် ရတာပါ။ ဒါကြောင့် အဲဒီလိုစိတ်ကလည်း ကျွန်တော် အရပ်ဘက်အုပ်ချုပ်တာမှာ ဒီလိုပဲ ကျွန်တော် သွားပါတယ်။ ဒါပေမယ့် ကျွန်တော် တစ်ဖက်က commander ဆိုတဲ့စိတ်ကို ဖယ်လိုက်ပြီးတော့ ဒီဘက်က မိဘစိတ်ဆိုတဲ့ စိတ်တွေနဲ့ပဲ ကျွန်တော်က ပြည်သူကို ဆက်ဆံတာရှိပါတယ်။

မေး။ ။မြန်မာနိုင်ငံ ပြည်တွင်းမှာ လက်နက်ကိုင် ပဋိပက္ခတွေ ဆက်လက်ဖြစ်ပွားနေဆဲ ဖြစ်ပါတယ်။ အဲဒီအတွက် မြန်မာနိုင်ငံရဲ့ငြိမ်းချမ်း ရေး ထာဝရတည်တံ့ခိုင်မြဲဖို့အတွက် ဘယ်လိုစီစဉ် ဆောင်ရွက်ဖို့ရှိပါသလဲ၊ တပ်မတော်အပိုင်းနဲ့ရော ဘယ်လိုမျိုး ပူးပေါင်းဆောင်ရွက်သွားဖို့ရှိပါသလဲ။

ဖြေ။ ။ငြိမ်းချမ်းရေးကတော့ အရေးကြီးပါတယ်။ လက်နက်ကိုင်ပဋိပက္ခပါ။ ကျွန်တော်တို့ နိုင်ငံမှာ လက်နက်ကိုင်ပဋိပက္ခဖြစ်ပါတယ်။ ဒါတွေ ကလည်း လွတ်လပ်ရေးရကတည်းကနေပေါ်လာတဲ့ ကိစ္စပါ။ ကိုလိုနီဖြစ်ခဲ့တဲ့ အကျိုးကျေးဇူးကြောင့် လွတ်လပ်ရေးရတဲ့အချိန်မှာ ခွဲခြားဆက်ဆံတဲ့ ပြဿနာတွေကနေပြီးတော့ တိုင်းရင်းသားတွေ အထင်လွဲတာတွေဖြစ်လာတာရှိပါတယ်။ နိုင်ငံရေး အရ သဘောထားကွဲလွဲတဲ့ကိစ္စတွေရှိပါတယ်။ ဒါကို ကျွန်တော်တို့က ငြိမ်းချမ်းတဲ့နည်းနဲ့ သွားဖို့လိုပါ တယ်။

အဲဒီတော့ ဒီမှာလည်း တိုင်းရင်းသားတွေနဲ့ ပတ်သက်တာ၊ ပြည်သူနဲ့ပတ်သက်တာ၊ နိုင်ငံရေးနဲ့ ပတ်သက်တာ တစ်ခုရှိပါတယ်။ နောက် တိုင်းရင်း သားရေးနဲ့ပတ်သက်တာ တစ်ခုရှိတယ်။ နိုင်ငံရေးနဲ့ ပတ်သက်လို့ရှိရင် အရင်တုန်းက နိုင်ငံရေးမှာ ပါလီမန်စနစ်သွားခဲ့တယ်။ ပြီးတော့ ဗဟိုအစိုးရ အုပ်ချုပ်တဲ့စနစ်နဲ့ သွားခဲ့တယ်။ နှစ်ပေါင်းများစွာ ကြာခဲ့တာပါ။ ဒါ ခင်ဗျားတို့လည်းနားလည်ပါတယ်။ ပြီးလို့ရှိရင် ကျွန်တော်တို့ ၂၀၁၁ ကစပြီးတော့ ပါတီစုံ စနစ်ကိုသွားတယ်။ သို့သော်လည်းပဲ ဗဟိုအစိုးရ ကွပ်ကဲတဲ့ အုပ်ချုပ်မှုစနစ်မှာသွားတဲ့အတွက်ကြောင့် လူတွေရဲ့ခံစားချက်တွေ အများကြီးရှိတယ်၊ နိုင်ငံရေးနဲ့ပတ်သက်တဲ့ ခံစားချက်တွေရှိတယ်။ အဲဒါဘာလဲဆိုတော့ ၈၈ ခုနှစ်မှာဖြစ်ခဲ့တဲ့ ပြဿနာ။ ဒါကို ကျွန်တော်တို့က နိုင်ငံရေးပြုပြင်ပြောင်းလဲမှု တွေသွားဖို့အတွက် သွားတာ၊ ၈၈ မှာ ကျွန်တော်တို့ ပါတီစုံစနစ်ကို ကျွန်တော်တို့ ပြောင်းလိုက်တာပါ။ ဒါပေမယ့် တဖြည်းဖြည်း တဖြည်းဖြည်းနဲ့ ကျွန်တော် ပြောင်းလာခဲ့တာဖြစ်တယ်။ တကယ်ကို ပါတီစုံစနစ် ကို ကျွန်တော်တို့သွားတာပါ။ ကျွန်တော်ကိုယ်တိုင် လည်း လက်ခံတယ်၊ ကျွန်တော်ကိုယ်တိုင်လည်း သဘောတူတည်ဆောက်ခဲ့တာပါ။

တိုင်းရင်းသားတွေနဲ့ပတ်သက်တာ၊ နိုင်ငံရေးနဲ့ ပတ်သက်တာမှာ တိုင်းရင်းသားတွေက ဘာတောင်း လဲဆိုတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ အုပ်ချုပ်ခွင့် ပြဿနာပါ။ တစ်ဖက်ကကျ နိုင်ငံရေးသဘောထား ကွဲလွဲလို့ ဒီမိုကရေစီကိုတောင်းတာပါ။ ဒီနှစ်ခုကို သွားတာပါ။ ဒါကြောင့် ကျွန်တော်တို့က constitution ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း ဒီဟာတွေ အကုန်လုံးထည့်သွင်းပြီးတော့ ဒီအတိုင်းရအောင် အကောင်အထည်ဖော်ဖို့ လိုတာပါ။

ဒါကြောင့် ကျွန်တော်တို့က ပထမဒီမိုကရေစီ အစိုးရတက်လာတဲ့ ၂၀၁၁ ခုနှစ်မှာ ငြိမ်းချမ်းရေး ဖိတ်ခေါ်မှုလုပ်ပြီးတော့ NCA ကို လုပ်ခဲ့တယ်။ ၂၀၁၅ ခုနှစ်မှာ NCA တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် ချုပ်ခဲ့တယ်။ တိုင်းရင်း သားလက်နက်ကိုင် အဖွဲ့အစည်းအချို့နဲ့ နောက် လက်နက်မကိုင်တဲ့ တချို့အဖွဲ့တွေပါပါတယ်။ သူတို့ လက်မှတ်ထိုးခဲ့တာရှိတယ်။ ဒီလိုလုပ်ခဲ့တာရှိတယ်။ အဲဒီအပေါ်မှာမူတည်ပြီး ကျွန်တော်တို့က ဒါကို အကောင်အထည်ဖော်ခဲ့တာရှိတယ်။

အခု NCA ပေါ်မှာမူတည်ပြီး ဖြစ်ပေါ်လာတဲ့ တောင်းဆိုလာတဲ့အချက်နဲ့ အခြေခံဥပဒေပြင်ဖို့ အချက်တွေရှိတယ်။ အဲဒီအခြေခံဥပဒေပြင်ဖို့ အချက်တွေကိုလည်း အခုလွှတ်တော်မှာ ကျွန်တော့် အစိုးရကနေ လွှတ်တော်တင်ထားပြီးပြီ ဖြစ်ပါတယ်။ ဒါ လွှတ်တော်မှာ သူတို့က ဆွေးနွေးဆုံးဖြတ်မှာပါ။ ဒါကတော့ သူ့ရဲ့ constitution ပြင်ဆင်ခြင်းရဲ့၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းရဲ့ အခန်းကဏ္ဍ တွေရှိတယ်။ အဲဒီအခန်းကဏ္ဍနဲ့ သွားလိမ့်မယ်။ ဒါက တိုင်းရင်းသားတွေရဲ့ တောင်းဆိုတဲ့အပိုင်း၊ နိုင်ငံရေးအရ တောင်းဆိုတဲ့အပိုင်းပါ။

တစ်ဖက်က ဒီဘက်မှာလည်း ၂၀၂၁ ခုနှစ်မှာ ဖြစ်ပေါ်ခဲ့တဲ့ပြဿနာကြောင့် ကျွန်တော်တို့ကို အကြမ်းဖက်တိုက်ခိုက်မှုတွေရှိတယ်။ ကျွန်တော် တို့က ဒီမိုကရေစီသွားတာပဲ။ ကျွန်တော်တို့က ရွေးကောက်ပွဲအပေါ်မှာမူတည်ပြီး ဒီမိုကရေစီက လုပ်ခဲ့ပြီးပြီ။ ဒါကြောင့် ဒီမိုကရေစီပေါ်မှာ လက်ခံလို့ ရှိရင် သူတို့ကလာပြီး ငြိမ်းချမ်းရေးနဲ့ဖြေရှင်းဖို့၊ ဒါအတွက် ငြိမ်းချမ်းရေးဖိတ်ခေါ်ထားတယ်။ ကျွန်တော်တာဝန်ယူတဲ့အချိန်မှာ ရက်ပေါင်း ၁၀၀ အတွင်းမှာ ငြိမ်းချမ်းရေးလုပ်ဖို့ ဖိတ်ခေါ်တာလာပါ တယ်။ တချို့လည်းလာကြပါတယ်။ အလင်းဝင်တဲ့ လူ ၄၀၀၀ ကျော်လောက်ရှိတယ်။ အပိုင်းလိုက် အပိုင်းလိုက် ကြေညာတယ်။ ဒီတစ်ရက်၊ နှစ်ရက် အတွင်းမှာ အလင်းဝင်တဲ့အဖွဲ့အစည်းတွေ ရှိပါတယ်။

အဲဒီအများစုကတော့ လူငယ်တွေများတယ်။ တိုင်းရင်းသားတွေမှာလည်း ယောကျ်ားတွေ များတယ်။ ကျွန်တော်တို့ဆီရဲ့အားနည်းချက်က အဲဒီလူငယ်တွေရော၊ တိုင်းရင်းသားတွေမှာ ပညာရေးအားနည်းချက်ရှိတယ်။ ပညာရေး အားနည်းချက်ရှိတော့ ပညာရေးအားနည်းချက်ကို အသုံးချပြီးတော့မှ သူတို့ကို နိုင်ငံရေးသမားတွေနဲ့ ခေါင်းဆောင်တချို့က စည်းရုံးသိမ်းသွင်းပြီး ခေါ်ဆောင်တဲ့အခါမှာ လက်နက်ကိုင်အဖွဲ့အစည်းထဲ သူတို့ပါလာကြတယ်။ အဲဒါတွေ ဖျောင်းဖျနားလည် အောင်လုပ်ဖို့လိုပါတယ်။ နမြောဖို့ကောင်းပါတယ်။ တကယ်တော့ လူငယ်တွေဟာ လက်နက်ကိုင်ဖို့ မဟုတ်ဘူး။ ပညာသင်ရမယ့်အရွယ် ပညာမသင် နိုင်ဘဲ ဒီလက်နက်ကိုင်လမ်းစဉ်ကို သွားနေကြတာ များနေတယ်။ ဒါကိုသိအောင် တစ်ဖက်ကနေ ဒါတွေလည်းလုပ်ပါတယ်။ နားလည်အောင်လည်း ရှင်းပြပါတယ်။ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုတွေလည်း လုပ်ထားတာရှိတယ်။ ဒါကြောင့် ကျွန်တော် ထင်ပါတယ်၊ ကျွန်တော်တာဝန်ယူတဲ့ (၅)နှစ်အတွင်း မှာ ငြိမ်းချမ်းရေးရအောင် ကြိုးစားဖို့လုပ်ထားတာ အောင်မြင်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

မေး။ ။လက်ရှိကာလမှာ နိုင်ငံတကာရဲ့ ပိတ်ဆို့ ကန့်သတ်မှုတွေ မြန်မာနိုင်ငံက ခံနေရ ပါတယ်။ အဆွေတော်တို့နိုင်ငံက တချို့ပုဂ္ဂိုလ်တွေ လည်း ဒီပိတ်ဆို့မှုထဲမှာပါရှိနေပါတယ်။ စီးပွားရေး အရ အထိနာကျမှုဖြစ်စေတဲ့ အနေအထားမျိုးဖြစ်နေ တဲ့အတွက် မြန်မာပြည်သူလူထုအပေါ် ဘယ်လိုမျိုး ထိခိုက်နစ်နာစေသလဲဆိုတာကို သိရှိလိုပါတယ်။

စာမျက်နှာ ၈ သို့

☆ စာမျက်နှာ ၇ မှ

ဖြေ။ ။ ထိခိုက်နစ်နာမှုတွေ ရှိပါတယ်။ ဒီ sanction လုပ်တာနှစ်ခုရှိပါတယ်။ တစ်ခုက ဘဏ်လုပ်ငန်းတွေနဲ့ပတ်သက်ပြီး လုပ်လို့မရဘူး။ ငွေတွေကို ထုတ်လို့မရဘူး။ ကျွန်တော်တို့ရဲ့ ပိုင်ဆိုင်မှုငွေတွေကို သုံးလို့မရအောင်လုပ်တာပေါ့။ ဒီဘဏ်တွေနဲ့ပတ်သက်ပြီးတော့ ကန့်သတ်တဲ့အတွက်ကြောင့် နိုင်ငံခြားကနေ လာရောက်ရင်းနှီးမြှုပ်နှံမှုတွေမှာ အခက်အခဲဖြစ်သွားတယ်။ အဲဒါကြောင့် လုပ်ငန်းခွင်တွေအတွက် ထိခိုက်တာတွေရှိပါတယ်။ ရင်းနှီးမြှုပ်နှံမှုမရတဲ့ လူတွေအနေနဲ့ကတော့ သူတို့အတွက် အခက်အခဲရှိခဲ့ပါတယ်။

ဒီလိုပဲ ကျွန်တော်တို့ သုံးဖို့အတွက်နဲ့ ပတ်သက်ပြီးတော့ ကန့်သတ်ထားတော့လည်း ကျွန်တော်တို့ လိုချင်တဲ့ဟာတွေ ကျွန်တော်တို့ သုံးလို့မရတာ ရှိတော့ ပြည်တွင်းရဲ့ လိုအပ်ချက်တွေကို အပြည့်အဝ ကျွန်တော်တို့ မသွင်းနိုင်တာတွေရှိတယ်။ အဲဒီတော့ အလုပ်အကိုင် အခွင့်အလမ်းတွေမရှိတာမျိုး ရှိလာတယ်၊ ခက်ခဲလာတယ်။ နောက်တစ်ခါ ပစ္စည်းတွေ ကျွန်တော်တို့ဝယ်ရတာ ခက်ခဲတာတွေရှိပါတယ်။ ဒီအတွက်ကြောင့် ပြည်တွင်းမှာ စီးပွားရေးအရတော့ အတိုင်းအတာတစ်ခုထိ ထိခိုက်မှုတော့ ရှိပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ကတော့ ပြည်တွင်းမှာ ဒီစားနပ်ရိက္ခာထုတ်လုပ်မှု လုံလောက်အောင် ကျွန်တော်တို့ ထုတ်နိုင်တဲ့အခြေအနေရှိတယ်။ ကျွန်တော်တို့က စားနပ်ရိက္ခာရှားတဲ့ တိုင်းပြည်မဟုတ်ဘူး။ ဒါကြောင့် ပြည်သူလူထုအတွက်တော့ စားနပ်ရိက္ခာနဲ့ ပတ်သက်တာ ပူစရာတော့မရှိဘူး။ သို့သော်လည်းပဲ ကျွန်တော်တို့က ခုနက ကန့်သတ်ချက်တွေကြောင့် ထုတ်လုပ်မှုအပိုင်းမှာတော့ ကျွန်တော်တို့ အခက်အခဲရှိခဲ့တာတော့ အမှန်ပါပဲ။

မေး။ ။ အဆွေတော် သမ္မတကြီးအနေနဲ့ မြန်မာနိုင်ငံရဲ့စီးပွားရေး ပြန်လည်ကောင်းမွန်လာဖို့အတွက် ဘယ်လိုမျိုး စီမံဆောင်ရွက်သွားဖို့ စိတ်ကူးထားသလဲဆိုတာ သိချင်ပါတယ်။

ဖြေ။ ။ ကျွန်တော် ခုနကဖြေလိုက်တဲ့အထဲ တစ်ခုပါတယ်။ ကျွန်တော်တို့က စားနပ်ရိက္ခာ ပိုလျှံမှုရှိတယ်၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်တဲ့ တိုင်းပြည်လို့ပြောပါမယ်။ တကယ်လည်း ကျွန်တော်တို့ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းက ကျေးလက်ဒေသမှာနေပြီးတော့ ၅၀ ရာခိုင်နှုန်းလောက်က စိုက်ပျိုးမွေးမြူရေးနဲ့ သက်ဆိုင်တဲ့လုပ်ငန်းတွေ လုပ်နေကြတဲ့လူတွေဖြစ်ပါတယ်။ ဒါကြောင့် စိုက်ပျိုးထုတ်လုပ်နိုင်အောင် ကျွန်တော်တို့ စီးပွားရေးအရလုပ်တာပါ၊ စိုက်ပျိုးမွေးမြူရေးကို ဦးစားပေးတဲ့ စီးပွားရေးစနစ်ပါ။

နောက်တစ်ခါ Agro-based Industry၊ စိုက်ပျိုးရေးကိုအခြေခံတဲ့ စက်မှုလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံတဲ့လုပ်ငန်းနဲ့သွားတယ်။ ကျွန်တော်တို့မှာ Industry ထောင်နိုင်တဲ့ လုပ်ငန်းတွေရှိတယ်။ အဲဒါ ဘာလဲဆိုလို့ရှိရင် ဝါစိုက်ပျိုးရေးလုပ်ငန်းတွေရှိတယ်။ ရော်ဘာနဲ့ပတ်သက်တဲ့ လုပ်ငန်းတွေရှိတယ်။ ဒါတွေကစက်မှုလုပ်ငန်းသွားလို့ရတဲ့ လုပ်ငန်းတွေဖြစ်ပါတယ်။ ကျွန်တော်တို့ ကုန်ကြမ်းရောင်းစရာမလိုတဲ့ဟာတွေပါ။ ဒါတွေ ကျွန်တော်တို့က အားပေးပါတယ်။ ကုန်ထုတ်လုပ်မှု အားပေးတာပါ။

ခုန ခင်ဗျားက ကျွန်တော်တို့ အခက်အခဲဖြစ်မလားဆိုပြီးပြောတဲ့အခါမှန်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့က ကုန်ထုတ်လုပ်မှု များများလုပ်နိုင်လို့ရှိရင် ပြည်သူလူထုက ထုတ်လုပ်နိုင်လို့ရှိရင် စီးပွားရေးကပိုကောင်းလာမှာပါ။ ခုနကပြောတဲ့ ကျေးလက်မှာနေတဲ့လူတွေက ကုန်ထုတ်လုပ်မှု အဓိကဖြစ်တဲ့အတွက်ကြောင့် သူတို့ရဲ့ စီးပွားတက်လာလို့ရှိရင် ကျေးလက်တွေရဲ့ လူတွေရဲ့ လူမှုစီးပွားဘဝတက်လာလို့ရှိရင် သူတို့ရဲ့ အခြေအနေလည်း တိုးတက်ကောင်းမွန်မှု ဖြစ်လာမှာပါ။ အဓိကကတော့ ကျေးလက်ကို စိုက်ပျိုးမွေးမြူရေးအခြေခံတဲ့စက်မှုလုပ်ငန်းကိုသွားဖို့အတွက် ဦးတည်ပြီးလုပ်ပါတယ်။ ဒါတစ်ချက်ပါ။

နောက်တစ်ခုက MSME လုပ်ပါတယ်။ MSME က နိုင်ငံ့စီးပွားရေးရဲ့ ၉၀ ရာခိုင်နှုန်းလောက်ရှိပါတယ်။ အဲဒီတော့ ကျွန်တော့်လက်ထက်မှာ ဒါကို အဓိကထားလုပ်တယ်။ အဲဒီ ကုန်ထုတ်လုပ်မှုကနေ MSME ကုန်ချောထုတ်လုပ်တဲ့ လုပ်ငန်းကို ကျွန်တော်သွားတာပါ။ အဲဒီအတွက်ကြောင့် စီးပွားရေးကတော့ သိသိသာသာ ကောင်းတာတော့တွေ့တယ်၊ ကျွန်တော်မြင်ပါတယ်။

မေး။ ။ အဆွေတော် အခုသမ္မတအဖြစ် တာဝန်ယူပြီးတဲ့နောက်ပိုင်းမှာ မြန်မာပြည်သူတွေကို Trump နဲ့ အမေရိကန်အစိုးရအနေနဲ့ ဘယ်လိုကဏ္ဍမျိုးတွေကို အကူအညီပေးစေလိုသလဲ ဆိုတာလေး သိရှိလိုပါတယ်။

ဖြေ။ ။ အမေရိကန်နဲ့ မြန်မာကတော့ ၁၉၄၇ ခုနှစ် စက်တင်ဘာလမှာ ကျွန်တော်တို့သံတမန်ဆက်ဆံမှုစတင်ခဲ့တယ်။ နှစ်ပေါင်း ၇၀၊ နှစ် ၈၀ နီးပါးရှိလာပြီ။ ၇၀ ကျော် ၈၀ တော့ရောက်ပြီပေါ့။ ကျွန်တော်တို့နိုင်ငံ နှစ်နိုင်ငံကတော့ဝေးပါတယ်။ ကီလိုမီတာ ၁၃၀၀၀ လောက်ဝေးပါတယ်။ သို့သော်လည်းပဲ ဆက်ဆံမှုကတော့ တော်တော်လေး ကောင်းခဲ့တာပေါ့။ အမေရိကန်နဲ့ မြန်မာက မိတ်ဆွေနိုင်ငံတွေလည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအပြောင်းအလဲပေါ်မှာ မူတည်ပြီးတော့ အမေရိကန်နဲ့ ဆက်ဆံရေးကတော့ အနိမ့်အမြင့်ရှိခဲ့တာရှိတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ နိုင်ငံခြားရေး မူဝါဒကကြားနေမူဝါဒကျင့်သုံးတယ်။ ဘက်မလိုက်တဲ့ ကြားနေမူဝါဒကျင့်သုံးတယ်။ ဗီယက်နမ်မှာဖြစ်ခဲ့တဲ့ စစ်ပွဲတို့၊ ကိုရီးယားမှာဖြစ်ခဲ့တဲ့ စစ်ပွဲတွေမှာ ကျွန်တော်တို့ ဘာတစ်ခုမှဝင်မပြောဘူး၊ မပါဘူး။ ဒါကြောင့် ဆိုလိုတာကတော့ ကျွန်တော်တို့က ကြားနေနိုင်ငံအနေနဲ့ အမေရိကန်နဲ့ ဆက်ဆံတဲ့အခါမှာလည်း ကောင်းမွန်တာတွေရှိပါတယ်။ အဲဒီတုန်းကတော့ နိုင်ငံရေးရဲ့ အပြောင်းအလဲတွေကြောင့် နိုင်ငံတွင်းအခြေအနေနဲ့ ဒေသတွင်းအခြေအနေတွေကြောင့် အမေရိကန်-မြန်မာရဲ့ ဆက်ဆံရေးကလည်း အနိမ့်အမြင့်ဖြစ်ခဲ့တာ ရှိတယ်။

သို့သော် ကျွန်တော်တို့က ပါတီစုံဒီမိုကရေစီစနစ်ကို သွားနေတဲ့အချိန်ဖြစ်တယ်။ အမေရိကန်ကလည်း ဒီမိုကရေစီနိုင်ငံပဲ၊ ကျွန်တော်တို့လည်း ဒီမိုကရေစီနိုင်ငံပဲ။ အဲဒီတော့ ကျွန်တော်တို့ ပြည်သူတွေက ဒီမိုကရေစီနိုင်ငံဖြစ်အောင်သွားနိုင်ဖို့ ဆိုလို့ရှိရင် ဒီမိုကရေစီအတွက် လိုအပ်တဲ့ တည်ငြိမ်အေးချမ်းမှုတို့၊ ဖွံ့ဖြိုးမှုတို့ ဒါတွေကိုတော့ အမေရိကန်ကနေ ပူးပေါင်းဆောင်ရွက်ပေးရင်တော့ အကောင်းဆုံးပါ။ ဒီမှာ နှစ်ချက်ပါ။ တစ်ခုကဘာလဲဆိုလို့ရှိရင် နိုင်ငံရဲ့ တည်ငြိမ်အေးချမ်းမှုကို ပျက်စီးစေတဲ့ အကြမ်းဖက်မှုတွေကိုဖြစ်ပေါ်စေတဲ့ အကြောင်းအရာတွေပါ။ ပြည်ပမှာနေပြီးတော့မှ ကျွန်တော်တို့အပေါ်မှာအမျိုးစုံ တိုက်ခိုက်ပြောဆိုနေတဲ့ဟာတွေ၊ နောက်တစ်ခါ ကျွန်တော်တို့ကို အကြမ်းဖက်တိုက်ခိုက်ဖို့အတွက် ကြိုးစားနေတာတွေ ဒါတွေမဖြစ်ဖို့အတွက် အမေရိကန်က တားဆီးပေးဖို့လိုပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ကို စီးပွားရေးအရနဲ့ ငွေရေးကြေးရေးအရ ကျွန်တော်တို့ကို ကန့်သတ်ထားတာရှိတယ်။ ဒါတွေကို အမှန်အတိုင်း သုံးသပ်ပေါ့ဗျာ။ အမေရိကန်အစိုးရလည်း သုံးသပ်ပါ၊ အများကြီးအတွေ့အကြုံရှိပါတယ်။ ကျွန်တော်တို့ထက် အများကြီးမြင်ပါတယ်။ ဒီမိုကရေစီ သက်တမ်းလည်း အများကြီးရှိပြီ။ ကျွန်တော်တို့မှာ အခုမှ ဒီမိုကရေစီကို စတဲ့တိုင်းပြည်ဖြစ်တော့ မြန်မာနိုင်ငံရဲ့အခြေအနေကို သုံးသပ်ပြီးတော့မှ မြန်မာနိုင်ငံမှာ ဖြစ်နေတဲ့အခြေအနေကို အမှန်အတိုင်း ရှုမြင်သုံးသပ်ပြီးလို့ရှိရင် ခုနကပြောတဲ့ စီးပွားရေးအရ ပိတ်ဆို့ဆောင်ရွက်နေတဲ့ အချက်လေးတွေကိုလည်း လျှော့ပေါ့စဉ်းစားသွားမယ်၊ လုပ်သွားမယ်ဆိုလို့ရှိရင်တော့ ပိုပြီးသင့်လျော်မယ်လို့ ကျွန်တော်က ပြောချင်ပါတယ်။

မေး။ ။ မေးခွန်းက နှစ်ပိုင်းပါ ခင်ဗျာ။ တစ်ခုက တစ်ဦး၊ တစ်ယောက်ချင်းအပေါ်မှာ ကန့်သတ်ပိတ်ဆို့မှုတွေ လုပ်ထားတာရယ်၊ ဒုတိယတစ်ခုကတော့ ရခိုင်ပြည်နယ်မှာ ဖြစ်ပေါ်ခဲ့တဲ့အခြေအနေတွေအရ ဒီလိုမျိုးကန့်သတ် ပိတ်ဆို့ထားတာတွေ၊ ပြီးတော့ ဘင်္ဂလားဒေ့ရှ်ကို ထွက်ပြေးသွားတဲ့လူတွေနဲ့ ပတ်သက်ပြီး ဆောင်ရွက်ထားတာတွေ။ အဲဒီအချက်တွေနဲ့ပတ်သက်ပြီး လုပ်ထားတဲ့ ကန့်သတ်ပိတ်ဆို့မှုတွေကိုရော ဆိုလိုတာဖြစ်ပါသလား။

ဖြေ။ ။ တစ်ဦးချင်းနဲ့ ပတ်သက်ပြီးတော့လည်း တစ်ဦးချင်း ဘာတွေလုပ်သလဲ၊ ဒါတွေလည်း ခင်ဗျားတို့ကြည့်ပါ။ ဒါကတော့ ကျွန်တော်တို့ကတော့ လုပ်သင့်လုပ်ထိုက်တဲ့ တိုင်းပြည်အတွက် လုပ်သင့်တဲ့အလုပ်တွေ လုပ်ကြတာပဲလို့ ကျွန်တော်တို့က မြင်ပါတယ်။ တစ်ဦးချင်းနဲ့ပတ်သက်တဲ့ ကိစ္စတွေ၊ တိုင်းပြည်အတွက်လုပ်ကြတာပါ။ ဒါပေမယ့် နိုင်ငံတကာ ထိခိုက်အောင်၊ အမေရိကန်နိုင်ငံ ထိခိုက်အောင်လည်း ကျွန်တော်တို့ ဘာမှမလုပ်ဘူး။ တိုင်းပြည်အတွက် ထိခိုက်အောင်လည်း ဘာမှမလုပ်ဘူး။ တိုင်းပြည်ကောင်းဖို့အတွက် လုပ်ကြတာတွေပဲ ဖြစ်ပါတယ်။

မေး။ ။ နောက်တစ်ခုက ရခိုင်ပြည်နယ်မှာ ဖြစ်ပေါ်ခဲ့တဲ့ ဘင်္ဂါလီကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ လူမျိုးတုံးသတ်ဖြတ်တယ်ဆိုတဲ့ စွပ်စွဲချက်အပေါ်မှာမူတည်ပြီး ချမှတ်ထားတဲ့ အဲဒီကန့်သတ်ပိတ်ဆို့မှုတွေကိုလည်း ဖယ်ရှားပေးစေလိုတဲ့အချက်ဆိုတာ မှန်ပါသလားဆိုတာ သိချင်ပါတယ်။

ဖြေ။ ။ ရခိုင်နဲ့ပတ်သက်ပြီး ဘင်္ဂါလီနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဘာတစ်ခုမှ သူတို့အပေါ်မှာ လုပ်ထားတာမရှိဘူး။ ဒါကြောင့် ကျွန်တော်တို့က သံသယရှင်းတယ်၊ စိတ်ရှင်းတယ်။ တိုင်းပြည်အတွက် ကျွန်တော်တို့တိုင်းပြည်ရဲ့ လွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တည်ငြိမ်အေးချမ်းမှုနဲ့ ဒီမိုကရေစီနိုင်ငံထူထောင်ဖို့အတွက် ကျွန်တော်တို့ ကာကွယ်စောင့်ရှောက်တဲ့ အပိုင်းပဲရှိတယ်။ ဒါတွေလည်း အခြေအနေမှန်လာကြည့်ပါ။ ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေက ပြောတာ လက်ခံပြီးတော့ လုပ်မယ်ဆိုရင်တော့ သတင်းအမှားပဲရပါလိမ့်မယ်။ ကျွန်တော်တို့တိုင်းပြည်ရဲ့ အခြေအနေအပေါ်မှာ သေချာလေး ရှုမြင်သုံးသပ်ပြီး လုပ်မယ်ဆိုရင်လည်း အဖြေထွက်ပါလိမ့်မယ်။ ဒါကတော့ ကျွန်တော့်ဘက်ကအမြင်ကို ပြောချင်ပါတယ်။

နောက်တစ်ချက်က ခုန အချုပ်အခြာအာဏာ ဆိုပြီးတော့ သုံးလိုက်တာ တစ်ခုရှိတယ်။ အချုပ်အခြာအာဏာဆိုတဲ့ အထဲမှာလည်း ကျွန်တော်တို့က တည်ဆဲဥပဒေတွေ ရှိပါတယ်။ တည်ဆဲဥပဒေအရ ကျွန်တော်တို့လုပ်ကြတာပါ။ ဥပမာအားဖြင့် ထွက်ပြေးတိမ်းရှောင်သွားတဲ့ ဘင်္ဂါလီနဲ့ ပတ်သက်လို့ရှိရင် ကျွန်တော်တို့ နှစ်နိုင်ငံသဘောတူညီထားတဲ့ အချက်တွေရှိတယ်။ ဒီအချက်ပေါ်မူတည်ပြီး ကျွန်တော်တို့ကလိုက်နာဖို့ ဘာမှဝန်လေးစရာ အကြောင်းမရှိဘူး။ သူတို့ရဲ့တည်ရှိနေမှုကို ကျွန်တော်တို့ အသိအမှတ်ပြုပါတယ်။ အသိအမှတ်မပြုဘူး ကျွန်တော်မပြောဘူး။ ဒါကြောင့် အဲဒါအပေါ်မှာ တိုက်ခိုက်နေတာတွေ ရှိတယ်။ ဒါကတော့ လုံးဝမှားနေတယ်ဆိုတာ ကျွန်တော်ပြောချင်ပါတယ်။ ကျွန်တော်တို့ သဘောတူညီထားတဲ့ အချက်အတိုင်းပဲ ကျွန်တော်တို့လုပ်မယ်။ လုပ်လို့ရှိရင် ဒီပြဿနာတွေရှင်းသွားမယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ အဲဒါ လုပ်နိုင်ခွင့်ရဖို့လည်း လိုပါသေးတယ်။ ဒါကို မလုပ်ရကောင်းလား ဆိုပြီးတော့ ကျွန်တော်တို့အပေါ်မှာ အရေးယူပိတ်ဆို့မှု လုပ်တယ်ဆိုရင်တော့ ဒါကတော့ ကျွန်တော်တို့လည်း ဘယ်လိုမှဖြေရှင်းလို့ရမှာ မဟုတ်ပါဘူး။

မေး။ ။ အခုလက်ရှိကာလမှာ မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံတို့ ၅ နှစ်တာ စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ကို လက်မှတ်ရေးထိုးထားတာကို သိရှိရပါတယ်။ မြန်မာနဲ့ ရုရှားနိုင်ငံကြား ဆက်ဆံရေး ဘယ်လိုရှိသလဲသိလိုပါတယ်။

ဖြေ။ ။ ကျွန်တော်တို့နဲ့ အမေရိကန်က ၁၉၄၇ ခုနှစ် စက်တင်ဘာလမှာ သံတမန် ဆက်ဆံရေး ထူထောင်တယ်။ ရုရှားနဲ့ကျတော့ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်မှာ သံတမန်ဆက်ဆံမှု ရှိတယ်။ ခင်ဗျားတို့ထက် နောက်ကျတယ်သူတို့က။ ဒါပေမယ့် သူတို့တိုင်းပြည်နဲ့က ကီလိုမီတာ ၆၀၀၀ လောက်ဝေးတယ်။ ရုရှားနိုင်ငံရဲ့ နောက်ခံအကြောင်းအရာပေါ့၊ သူတို့ကလည်း နာဇီကိုတိုက်ခိုက်ခဲ့ရတာ ရှိသလို ကျွန်တော်တို့လည်း ဖက်ဆစ်ကို တိုက်ခိုက်ခဲ့ရတာရှိပြီး လွတ်လပ်ရေးရခဲ့ကြတာ။ သူတို့လည်း တိုင်းပြည်အတွက် ပြန်လည်ထူထောင်ခွင့်ရတာပဲ။ ဒီလို နောက်ခံ background တူပါတယ်။ ရုရှားနိုင်ငံမှာလည်း နိုင်ငံရေးအပြောင်းအလဲတွေရှိတယ်။ မြန်မာနိုင်ငံမှာလည်း နိုင်ငံရေးအပြောင်းအလဲတွေ ရှိတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ နှစ်နိုင်ငံ ဆက်ဆံရေးက အပြောင်းအလဲမရှိဘူး။ ပုံမှန်ဆက်ဆံရေး ရှိခဲ့တယ်။

ခုနပြောတဲ့ စစ်ဘက်ဆိုင်ရာ သဘောတူညီချက် ဒါလည်းသိပ်ကြီးကျယ်တဲ့ဟာတွေ မဟုတ်ပါဘူး။ စစ်ရေးပူးပေါင်းဆောင်ရွက်မှုတွေ မဟုတ်ပါဘူး။ နောက်တစ်ခုက ကျွန်တော်တို့နဲ့ ရုရှားနဲ့က နှစ်ပေါင်းများစွာ ဆက်ဆံရေးကောင်းမွန်တဲ့အတွက်ကြောင့် ကျွန်တော်တို့ရဲ့ နိုင်ငံရေးအခြေအနေပေါ်မူတည်ပြီး ကျွန်တော်တို့ အကျပ်အတည်း ဖြစ်နေတဲ့အချိန်မှာ ရုရှားနိုင်ငံက ပညာတော်သင်တွေ လက်ခံပေးတာတို့၊ ကူးသန်းရောင်းဝယ်ရေးနဲ့ ပတ်သက်ပြီး ဆောင်ရွက်ပေးတာတို့၊ နည်းပညာ အကူအညီပေးတာတို့ အများကြီးရှိပါတယ်။ ဘာတစ်ခုမှ အကျိုးအမြတ်ယူတာမဟုတ်ဘဲ သူတို့လုပ်ပေးခဲ့တာတွေရှိတယ်။ ဒါကြောင့် ကျွန်တော်တို့ နှစ်နိုင်ငံဆက်ဆံရေးကို ထိန်းထားတာဖြစ်ပါတယ်။ အခုတော့ ပညာရေးတို့၊ ကျန်းမာရေးတို့၊ နောက်ပြီး အဏုမြူစွမ်းအင်နဲ့ ပတ်သက်တဲ့ကိစ္စတို့၊ အာကာသနဲ့ပတ်သက်တဲ့ သဘောတူညီချက်တို့ ဒါတွေ ကျွန်တော်တို့ရှိပါတယ်။ ဒါတွေ အများကြီး သဘောတူညီမှုလုပ်နေတာရှိပါတယ်။ ဒါတွေက တချို့နိုင်ငံတွေနဲ့လုပ်ရတာ ကျွန်တော်တို့ ခက်တယ်၊ ရုရှားကျတော့ ဒါတွေအကုန်လုံး ပူးပေါင်းဆောင်ရွက်ပေးတာတွေ ရှိပါတယ်။ ဒါကြောင့် ရုရှားနဲ့ မြန်မာ ဆက်ဆံရေးက ကောင်းမွန်တဲ့ဆက်ဆံရေးဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း အကြိမ်ပေါင်းများစွာသွားခဲ့ပါတယ်။ ကျွန်တော်တို့ လိုအပ်ချက်ရှိတာတွေကို သူတို့နဲ့တွေ့ဆုံဆွေးနွေးပြီးတော့ ကျွန်တော်တို့ရဲ့ အခက်အခဲတွေကို သူတို့ ဖြေရှင်းဆောင်ရွက်ပေးနိုင်ဖို့လည်း ပူးပေါင်းဆောင်ရွက်တာတွေရှိပါတယ်။

မေး။ ။ အဏုမြူနဲ့ပတ်သက်ပြီး မေးခွန်းတစ်ခုလောက် ထပ်မံမေးမြန်းလိုပါတယ်။ ဒါကတော့ အရပ်ဘက်အတွက် နျူကလီးယားစွမ်းအင်ကိုသုံးမှာလား၊ ဒါမှမဟုတ် ကျန်တဲ့ တခြားရည်ရွယ်ချက်နဲ့ သုံးဖို့ရော ရှိပါသလားခင်ဗျာ။

ဖြေ။ ။အရပ်ဘက်လျှပ်စစ်ဓာတ်အားပေးလုပ်ဖို့ပါ။ အဓိကလျှပ်စစ်စွမ်းအင်ပါ။ ၁၁၀ မဂ္ဂါဝပ်ရှိတဲ့ small modular ပါ၊ small modular အသေးအဖွဲ့လေးပါ။ ဒါလေးလုပ်တာ၊ ကျန်တာတော့ ဘာမှမရှိဘူး။ ကျန်တဲ့ရည်ရွယ်ချက်လည်းမရှိဘူး။ ရည်ရွယ်လုပ်လို့လည်း မရဘူး။ နိုင်ငံတကာမှာလည်း ဒါတွေ မဟုတ်တာ သွားလုပ်လို့လည်း ကျွန်တော်တို့ မရနိုင်ပါဘူး။

စာမျက်နှာ ၉ သို့ ☆

☆စာမျက်နှာ ၈ မှ

**မေး။ ။နောက်တစ်ခုက အဆွေတော် မကြာသေးမီက ပေကျင်းကို နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် သွားရောက်ခဲ့ပြီး တရုတ်အစိုးရနဲ့ မြန်မာအစိုးရကြား နားလည်မှု စာချွန်လွှာ ၁၈ ခုထိ ရေးထိုးခဲ့တာကို မှတ်သားရပါတယ်။ မြန်မာနဲ့တရုတ်အကြား နယ်စပ်ဒေသမှာ မကြာသေးမီက ဖြစ်ပေါ်ခဲ့တဲ့ပြဿနာတွေအပါအဝင် အခု တရုတ်နိုင်ငံနဲ့ဆက်ဆံရေးကို အဆွေတော်တို့အနေနဲ့ ဘယ်လိုထင်မြင်ပါသလဲ သိရှိလိုပါတယ်။**

ဖြေ။ ။ တရုတ်နိုင်ငံနဲ့ကတော့ အိမ်နီးချင်းနိုင်ငံ၊ နယ်နိမိတ်ထိစပ်နေတဲ့ နိုင်ငံမို့ သူတို့နဲ့ ဆက်ဆံရေးကတော့ အိမ်နီးချင်းဆက်ဆံရေးတော့ ရှိပါတယ်။ မြန်မာနိုင်ငံ ပေါ်မှာလည်း တရုတ်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုကလည်း တော်တော်လေးများပါတယ်။ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနဲ့ ပတ်သက်တဲ့ အခက်အခဲရှိတာတော့ အမှန်ပါပဲ။ ဒါတွေ ကျွန်တော်တို့နှစ်နိုင်ငံသံတမန်နည်းလမ်းအရ တွေ့ဆုံဆွေးနွေး ပြီးတော့မှ ဖြေရှင်းဆောင်ရွက်တာတွေ ရှိပါတယ်။ အတိုင်းအတာတစ်ခုထိ အောင်မြင်တာတွေလည်း ရှိပါတယ်။ သို့သော် ဆက်လက်ဆောင်ရွက်ဆဲ ကိစ္စတွေလည်း ရှိတယ်။

ဒီတော့ ဘာပဲပြောပြော နှစ်နိုင်ငံကတော့ ခွဲခြားလို့မရဘူး။ နယ်နိမိတ်ထိစပ်နေတော့ ခွဲခြားလို့မရတဲ့ တိုင်းပြည်တွေ ဖြစ်တာပါ။ ဒါကြောင့် ကျွန်တော်တို့လည်း တရုတ်နိုင်ငံနဲ့ ပတ်သက်ပြီးတော့ အလေးထားပြီး ဆောင်ရွက်ပါတယ်။ တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုတွေ မြန်မာနိုင်ငံမှာ တော်တော်များပါတယ်။ ရင်းနှီးမြှုပ်နှံမှု အများဆုံးထဲမှာလည်း ပါပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ဆီမှာ လာရောက်ရင်းနှီးမြှုပ်နှံခြင်းအားဖြင့်၊ ကုန်သွယ်မှုတိုးချဲ့ခြင်းအားဖြင့် တိုင်းပြည်ရဲ့ စီးပွားရေး အထောက်အကူရပါတယ်။

နောက်တစ်ခုကတော့ တရုတ်နဲ့မြန်မာက ယွမ်နဲ့ကျပ်တိုက်ရိုက်ပေးချေဖို့ ကျွန်တော်တို့ ဆောင်ရွက်ထားတာ ရှိပါတယ်။ ခင်ဗျားပြောတဲ့ အမေရိကန်နဲ့က စီးပွားရေးပိတ်ဆို့မှုတွေ၊ ဘဏ္ဍာရေးပိတ်ဆို့မှုတွေ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ အခက်အခဲတွေ ရှိတယ်။ တရုတ်နဲ့ကျတော့ ကျွန်တော်တို့က ကျပ်နဲ့ယွမ် တိုက်ရိုက်ပေးချေဖို့ သဘောတူထားတာတွေ၊ ကျွန်တော်တို့ လုပ်နေတာတွေ ရှိပါတယ်။

**မေး။ ။ တရုတ်က မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံ ဖြစ်နေတဲ့အတွက် မြန်မာနိုင်ငံအနေနဲ့ တရုတ်အပေါ် တော်တော်လေး မှီခိုအားထားရတယ်ဆိုတာ မှန်ပါသလား ခင်ဗျာ။**

ဖြေ။ ။ အဲဒီလိုတော့မဟုတ်ဘူးဗျ။ မှီခိုအားထားတာ မဟုတ်ဘူး။ ကျွန်တော်တို့ နိုင်ငံတကာနဲ့ အကုန်လုံး ကူးလူးဆက်ဆံမှု၊ သံတမန်ဆက်ဆံမှု၊ ကူးသန်းရောင်းဝယ်ဆက်ဆံမှုရော အိမ်နီးချင်းနိုင်ငံဖြစ်တဲ့အတွက်ကြောင့်တော့ ပိုပြီးတော့အလေးထား ပါတယ်။ အိန္ဒိယလည်း ဒီလိုပဲလေ။ ကျွန်တော်တို့ အိန္ဒိယ၊ မြန်မာနဲ့ တရုတ် သုံးနိုင်ငံက sandwich လို ကျွန်တော်တို့ ဖြစ်နေကြတာ။ အဲဒီတော့ အိန္ဒိယနဲ့လည်း ကျွန်တော်တို့ အလေးထားတာပဲ၊ တရုတ်နဲ့လည်း အလေးထားတာပဲ။ ဒီလိုတော့ ရှိပါတယ်။

တရုတ်ကို လုံးဝမှီခိုတယ်တော့ မဟုတ်ဘူး။ သို့သော်လည်းပဲ တရုတ်ကတော့ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးတာတွေ အများကြီးရှိပါတယ်။ တရုတ်က လုပ်နေတဲ့ Belt and Road Initiative (BRI)ပေါ့။ ဒီစီမံကိန်းတွေရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ မြန်မာနဲ့တရုတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုစကြံ ဆိုတာရှိတယ်။ ဒါကလည်း မြန်မာနိုင်ငံဖွံ့ဖြိုးရေးအတွက် ကျွန်တော်တို့လုပ်နေတာ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ တိုင်းပြည်တိုးတက်ဖို့ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ဘယ်သူနဲ့ပဲဖြစ်ဖြစ် လုပ်ဖို့လိုတယ်။ တရုတ်နဲ့က အများကြီး လုပ်တယ်။ ခင်ဗျားတို့ အမေရိကန်လာလုပ်လည်း

**❝ တိုင်းပြည်အတွက် ထားချင်တဲ့အမွေကတော့ တိုင်းပြည် တည်ငြိမ်အေးချမ်းမှုနဲ့ တိုးတက်ဖို့ဆိုတာ နံပါတ်တစ်အချက်ပါ။ နောက်တစ်ခုကတော့ တိုင်းပြည်မှာ ဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာဖြစ်ဖို့အတွက် ကျွန်တော် လိုချင်တယ်။ တိုင်းပြည်မှာ ပညာနဲ့ပတ်သက်ပြီး ပညာတွေပေါကြွယ်ဝတဲ့ လူတွေပေါများအောင် ဆောင်ရွက်ပေးဖို့ပါ ❞**

ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အကျိုးလုပ်မယ်ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ ဘာမှမလုပ်စရာ အကြောင်းမရှိဘူး။ ဥပဒေတွေနဲ့ ကျွန်တော် အကုန်ခွင့်ပြုပေးလို့ရတာပဲ။ အိန္ဒိယလည်း ဒီလိုပဲ လုပ်တာပဲ၊ ထိုင်းလည်း အများကြီး လုပ်တာပဲ။ ကျွန်တော်အခု အိန္ဒိယသွားတယ်၊ ထိုင်းသွားတယ်၊ တရုတ် သွားတယ်၊ ရုရှားသွားတယ်၊ ဘယ်လာရုစ်သွားခဲ့တယ်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်ဖို့၊ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်တော် ဖိတ်ခေါ်တယ်။ သူတို့ လာလုပ်ကြတယ်။

တရုတ်ကလည်း အများကြီးလာလုပ်တယ်။ အဲဒီတော့ ကျွန်တော်တို့ကတော့ တရုတ်ကို လုံးဝမှီခိုတယ် ဆိုတာတော့ မဟုတ်ဘူး။ နိုင်ငံအားလုံးနဲ့ အကုန်လုံးပေါင်းပြီး ဆောင်ရွက်တယ်။ သို့သော် ပူးပေါင်းဆောင်ရွက်မှုအများဆုံးကတော့ တရုတ်ပဲ။ တရုတ်ကတော့ အများကြီးလုပ်တယ်။ အိမ်နီးချင်းလည်း ဖြစ်တယ်၊ သွားလာရတာလည်း လွယ်တယ်။ ဒီလိုတော့ ရှိပါတယ်။ အိန္ဒိယကလည်းလာတယ်။ အိန္ဒိယရဲ့ ရင်းနှီးမြှုပ်နှံမှုတွေလည်း အများကြီး ရှိပါတယ်။

**မေး။ ။ အဆွေတော် သမ္မတကြီး ခင်ဗျာ၊ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ပြစ်ဒဏ် ၃၃ နှစ် ကျခံနေရတဲ့အခါမှာ အဆွေတော်တို့အနေနဲ့ ပြစ်ဒဏ်ကို ၁၈ နှစ် လျှော့ချပေးခဲ့ပြီး ၁၃ နှစ် ပြစ်ဒဏ်ကို ကျခံရန်ကျန်ရှိဆဲဖြစ်ပါတယ်။ သူမရဲ့ အနာဂတ်လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ပတ်သက်ပြီး သိရှိလိုပါတယ်။**

ဖြေ။ ။ ဒီလို အခြေအနေမျိုး မရောက်အောင်တော့ ကျွန်တော်တို့ လည်း မျိုးစုံကြိုးစားခဲ့တာ။ သို့သော်လည်းပဲ ဒီလိုအခြေအနေမျိုးထိ ရောက်လာခဲ့တယ်။ အဲဒီတော့ သူ့ရဲ့ အသက်အရွယ်အရ ကျွန်တော်တို့ အရေးယူထားတဲ့ ကိစ္စတွေရှိပါတယ်။ ပြစ်မှုပိုင်းဆိုင်ရာက ကျွန်တော်တို့ အရေးယူခဲ့တာ ဖြစ်ပါတယ်။ တကယ်လည်း ပေါ်လွင်ပါတယ်။ သူ့ရဲ့ ပထမဦးဆုံး စခဲ့တဲ့ပြဿနာကတော့ ရွေးကောက်ပွဲမှာ အနိုင်ရအောင် မတရားတဲ့နည်းနဲ့ရအောင် ကြိုးစားခဲ့တဲ့ဟာပါ။ တော်တော်လေး ဆိုးဆိုးရွားရွား ဖြစ်ပါတယ်။ ဒီမိုကရေစီမှာ အထွေထွေရွေးကောက်ပွဲသည် အသက်ပါပဲ။ အဲဒီတော့ ရွေးကောက်ပွဲမှာ မတရားသဖြင့် လုပ်ခဲ့တဲ့ဟာပါ။ ၂၀၂၁ ကျွန်တော် တာဝန်ယူတဲ့အချိန်မှာ ဒါတွေ စစ်ဆေးတွေ့ရှိချက်တွေ ကျွန်တော် website မှာ အကုန်တင်ထားပါတယ်။ မဲမသမာမှု ၁၀ ရာခိုင်နှုန်း မကလောက်ဖြစ်ခဲ့တာ။ တကယ်ဆိုးပါတယ်။ တိုင်းပြည်လည်း ဒီမိုကရေစီမှာ တော့ ရုပ်အပျက်ဆုံး ရွေးကောက်ပွဲတစ်ခုဖြစ်ခဲ့တာပါ။ ဒါကြောင့် ကျွန်တော်တို့ကလည်း သူ့ကို အရေးယူခဲ့တာ ရှိတယ်။

အဲဒီမှာမှ ထပ်ပြီးတော့ ပေါ်လာတာက အဂတိမှုတွေ ဖြစ်ပါတယ်။ တကယ်တော့ အရေးယူမယ်ဆို တခြားအများကြီးရှိပါတယ်။ ကျွန်တော်တို့ ဖြတ်ချလိုက်ပြီးတော့ ဒီလောက်လေးပဲ အရေးယူခဲ့တာ။ နောက် သူ့ရဲ့အသက်အရွယ်အရပါ၊ နောက် စေတနာစိတ်၊ ပြီးတော့ ကျွန်တော်လုပ်နိုင်တဲ့ အခွင့်အာဏာအတွင်းကနေ ကျွန်တော် လျှော့ပေးလိုက်တာ။ ဒါပေမဲ့ ကျွန်တော်တို့က အနာဂတ်ဆိုတာ ကြိုမမြင်နိုင်တော့ ဘာဖြစ်မလဲ ကျွန်တော်မပြောနိုင်ဘူး။ သူ့ရဲ့လုပ်ဆောင်ချက်တွေအပေါ် မူတည်ပြီးတော့ လျှော့ပေါ့ စဉ်းစားမယ့်အချက်တွေ ပေါ်လာလို့ရှိရင်လည်း ကျွန်တော်တို့ စဉ်းစားမှာပါ။ ဒါလည်း သူမအပေါ် မူတည်မယ်လို့ ကျွန်တော်တို့က ပြောချင်ပါတယ်။

နောက်တစ်ခုက သူ့ကိုလည်း ကျွန်တော် ကောင်းကောင်းထားပါတယ်။ မကြာသေးခင်က ကျွန်တော် ICRC ကိုယ်စားလှယ်နဲ့ တွေ့ခွင့်ပေးတယ်၊ ဓာတ်ပုံတွေ ထုတ်ဝေတယ်။ အိမ်မှာ စနစ်တကျ ထားပါတယ်။ ကျွန်တော် အကျဉ်းထောင်ထဲမှာ မထားဘူး။ သူ့ကို relax သက်သက်သာသာ နေရတဲ့ ပြစ်ဒဏ်မျိုးပါ ကျွန်တော်တို့ ချထားတာဖြစ်ပါတယ်။ သူ့အပေါ်မှာ ကျွန်တော်အများကြီး သက်ညှာပါတယ်။

**မေး။ ။ အကယ်၍ ဒေါ်အောင်ဆန်းစုကြည်ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးတဲ့ အပေါ်မူတည်ပြီးတော့ သူ့ရဲ့ နိုင်ငံရေးအရ အခန်းကဏ္ဍ ဘယ်လိုဖြစ်မယ်လို့ ထင်ပါသလဲ ခင်ဗျာ။**

ဖြေ။ ။ အဲဒါ သူ့အပေါ်မှာ မူတည်ပါလိမ့်မယ်။ ဒါကြောင့် ခုနကပြောတဲ့အချက်ရှေ့ ဘာဖြစ်မလဲဆိုတာ ကျွန်တော်တို့ မပြောနိုင်ဘူး။ အခြေအနေပေါ်မှာ အများကြီး တည်လိမ့်မယ်။ အဲဒီအပေါ် မူတည်ပြီးတော့ သူ့အတွက် အခွင့်အရေး ရမှာပါ။ ဒါလည်း သူ့အပေါ်မှာ မူတည်တယ်လို့ ပြောပါတယ်။ ဒါကြောင့် ဒီအခြေအနေပဲရှိမယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

**မေး။ ။ အဆွေတော်က မန္တလေးမှာ မွေးခဲ့တယ်လို့ကျွန်တော့်အနေနဲ့ မှတ်သားမိပါတယ်။ ပြီးတော့ အဆွေတော်ရဲ့ ဖခင်ကလည်း အနုပညာရှင်တစ်ယောက်လို့ ပြောပါတယ်။**

ဖြေ။ ။ မန္တလေးမှာ ကြီးပြင်းတာပါ။ မွေးတာတော့ မန္တလေးမှာ မဟုတ်ပါဘူး။ တခြားမြို့နယ်တစ်ခုမှာ မွေးဖွားတာပါ။ အဲဒီဒေသ ကျွန်တော် မကြာခဏ သွားပါတယ်။ ခင်ဗျား ကျွန်တော့်သတင်း နားထောင်ရင် တွေ့ပါလိမ့်မယ်။

**မေး။ ။ မိသားစုနောက်ခံအခြေအနေနဲ့ ပတ်သက်ပြီးတော့လည်း မေးခွင့်ပြုပါ ခင်ဗျာ။ ဖခင်က အနုပညာသမားဖြစ်တော့ အဆွေတော် သမ္မတကြီးအနေနဲ့ ငယ်ဘဝက ဘယ်လိုအခြေအနေမျိုးနဲ့ ဖြတ်သန်းကြီးပြင်းခဲ့တယ်ဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ ခင်ဗျားမေးတော့လည်း နောက်ကြောင်းပြန်စဉ်းစားရတာပေါ့။ ကျွန်တော့် မိဘတွေကတော့ မှန်ပါတယ်။ အဖေကတော့ အနုပညာသမား ပန်းချီဆရာ ဖြစ်ပါတယ်။ ငယ်ငယ်ကတော့ ကျွန်တော်တို့ ကျောင်းမနေနေအောင် ပံ့ပိုးတယ်၊ ကလေးဆိုတော့ ကျောင်းမတက်ချင်လည်း အမေက ကျောင်း ရောက်အောင်ပို့ပေးခဲ့တယ်။

နောက်တစ်ခုကတော့ ငယ်ငယ်လေးနဲ့ ကိုရင်ဝတ်တာပါ။ ကျွန်တော်တို့ ထုံးစံရှိတယ်၊ ရှင်ပြုတာပေါ့၊ ဘုန်းကြီးကျောင်းမှာ ကျွန်တော်တို့ ကိုရင် ဝတ်ရတယ်။ နှစ်ကြိမ်ဝတ်ခဲ့တယ်။ အဲဒီတော့ ဘာသာရေးနဲ့ ပတ်သက်ထိတွေ့မှုရှိတော့ ဘာသာသာသနာ အဆုံးအမအောက်မှာ ကျွန်တော်တို့ နေခဲ့ရတယ်။ ကျွန်တော်တို့ရဲ့ ဗုဒ္ဓဘာသာမှာတော့ ကြီးတဲ့သူ ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်တဲ့သူကျတော့ သနားကြင်နာတာပါ။ အချင်းချင်းကျတော့လည်း လေးစားမှု၊ ချစ်ခင်မှု ရှိရပါတယ်။ ကြီးတဲ့သူကျတော့ ရိုသေမှု ရှိတယ်။ ဒါ ကျွန်တော်တို့ရဲ့ ဗုဒ္ဓဘာသာရဲ့ ထုံးစံပါ၊ ဒီအလေ့အကျင့်တွေ practice တွေ ကျွန်တော်ရအောင် မိဘတွေက လုပ်ပေးထားတယ်။ မိဘတွေက ကျောင်းရောက်အောင် ပို့ပြီး ပညာသင်ပေးတယ်၊ အစ်ကို၊ အစ်မတွေက ကျွန်တော်တို့ကို ခေါ်ပြီးတော့ သင်ပေးတာတွေ ရှိတယ်။ ဒီလိုမျိုးနဲ့ ကျွန်တော်ကလေးဘဝ ဖြတ်သန်းခဲ့ရတာ ဖြစ်ပါတယ်။

နောက်တစ်ခုက ကျွန်တော်က စာဖတ်ဝါသနာပါတယ်။ ငယ်ငယ်ကတည်းက ကျွန်တော့်မိဘတွေက စာဖတ်တာကို အားပေးပါတယ်။ သတင်းစာတို့၊ ဂျာနယ်တို့၊ မဂ္ဂဇင်းတို့၊ ဝတ္ထုတို့ အကုန်ဖတ်တယ်။ ကျွန်တော် စာကြည့်တိုက် သွားမယ်ဆိုလည်း မိဘတွေက အားပေးတယ်၊ စာကြည့်တိုက် သွားခဲ့တယ်။ အားတဲ့အချိန်ဆို စာကြည့်တိုက် သွားတယ်။ ဒါတွေက ငယ်ငယ်ကတည်းက စာဖတ်တဲ့အကျင့်ကို မိဘတွေကနေ လုပ်ပေးခဲ့တာ ရှိတယ်။ ကျွန်တော် ကိုယ်တိုင်ကလည်း ဝါသနာပါတယ်၊ မိဘတွေကလည်း ဒီပုံစံရောက်အောင် သွင်းပေးတယ်။

သူငယ်ချင်းတွေနဲ့ စုပြီးတော့ စာဖတ်တဲ့အကျင့်ရှိတယ်။ အဲဒီ အကျင့်လေးတွေ ငယ်ငယ်ကတည်းက ရှိခဲ့တယ်။ သူငယ်ချင်းတွေနဲ့ နေကြတဲ့အကျင့်ပါ။ကျွန်တော်တစ်ယောက်တည်း ဘယ်တော့မှ မနေဘူး၊ သူငယ်ချင်းတွေနဲ့ ဆွေးနွေးတိုင်ပင် ပြောဆိုတာ ကျွန်တော် အမြဲတမ်းလုပ်တာတွေ ရှိတယ်။ ဒီအကျင့်တွေက ငယ်ငယ်ကတည်းက ကျွန်တော်ယူလာခဲ့တယ်။ အဲဒီလိုကြောင့်လည်း အခု ကျွန်တော် တာဝန်ထမ်းဆောင်တဲ့ အခါမှာလည်းကျွန်တော်အများကြီးအထောက်အကူရခဲ့တာတွေ့ပါတယ်။ အစ်ကို၊ အစ်မတွေရဲ့ ဆုံးမမှုတွေကလည်း ကျွန်တော့်အပေါ်မှာ အများကြီး အထောက်အကူရခဲ့တာပါ။

**မေး။ ။ ခုနက ပြောသလို သူငယ်ချင်းတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်တဲ့ အကျင့်ကြောင့်မို့လို့ပဲ လူအများနဲ့ ဆောင်ရွက်ရတဲ့ တပ်မတော်ထဲကို ဝင်ရောက်ခဲ့တာ မှန်ပါသလား ခင်ဗျာ။**

ဖြေ။ ။ ဝါသနာလည်း ပါတာကြောင့်ဖြစ်ပါတယ်။

**မေး။ ။ အလုပ်တော့ များနေတဲ့ အချိန်ကာလ ဖြစ်ပါတယ်။ ဒါပေမဲ့ အားတဲ့အချိန်မှာ ဂေါက်ကစားတာလား၊ ရုပ်ရှင်ကြည့်တာလား၊ ဘယ်လို အပန်းဖြေတာမျိုး ဆောင်ရွက်ပါသလဲ ခင်ဗျာ။**

ဖြေ။ ။ ဂေါက်ရိုက်ပါတယ်။ ဟန်းဒီးကပ် ၁၈ ပါ။ လမ်းလျှောက်ပါတယ်။ ဒါပေမဲ့ ကျွန်တော် ခါးနာလို့ မရိုက်တာ တစ်နှစ်ရှိပြီ၊ ခါးမကောင်းလို့ ဂေါက်ရိုက်တာ တစ်နှစ်နားထားတယ်။

**မေး။ ။ အဆွေတော် သမ္မတကြီးအနေနဲ့ မြန်မာ့သမိုင်းမှာ ထားခဲ့ချင်တဲ့ သမိုင်းအမွေအနှစ်က ဘာဖြစ်မလဲ ခင်ဗျာ။**

ဖြေ။ ။ တိုင်းပြည်အတွက် ထားချင်တဲ့ အမွေကတော့ တိုင်းပြည် တည်ငြိမ်အေးချမ်းမှုနဲ့ တိုးတက်ဖို့ဆိုတာ နံပါတ်တစ်အချက်ပါ။ နောက်တစ်ခုကတော့ တိုင်းပြည်မှာ ဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာဖြစ်ဖို့အတွက် ကျွန်တော် လိုချင်တယ်။ တိုင်းပြည်မှာ ပညာနဲ့ပတ်သက်ပြီး ပညာတွေ ပေါကြွယ်ဝတဲ့ လူတွေပေါများအောင် ဆောင်ရွက်ပေးဖို့ပါ။

မြန်မာနိုင်ငံနဲ့ ဒီမိုကရေစီဆိုတဲ့ နေရာမှာလည်း မြန်မာ့ယဉ်ကျေးမှုနဲ့ ကိုက်ညီတဲ့ ဒီမိုကရေစီက အမျိုးမျိုးရှိတယ်၊ အမေရိကန်ရဲ့ ဒီမိုကရေစီ ရှိတယ်၊ ဥရောပရဲ့ ဒီမိုကရေစီ၊ ဥရောပတောင် မတူဘူး၊ အာရှမှာလည်း ဒီမိုကရေစီနိုင်ငံတွေ များတယ်၊ မတူကြဘူး၊ ကွဲပြားခြားနားမှု ရှိတယ်။ အဲဒီတော့ မြန်မာ့ယဉ်ကျေးမှုနဲ့ ကိုက်ညီတဲ့၊ ထုံးတမ်းစဉ်လာနဲ့ ကိုက်ညီတဲ့ ဒီမိုကရေစီစနစ်ကို ကျွန်တော် ရအောင် လုပ်ပေးပါမယ်။

ခုနက ကျွန်တော်ပြောတဲ့ တိုင်းရင်းသားတွေနဲ့ ပတ်သက်ပြီး တိုင်းရင်းသားအခွင့်အရေးတွေ၊ federal အခွင့်အရေးတွေ ကျွန်တော်တို့ ဆောင်ရွက်ပေးမယ်လို့ ပြောတယ်၊ ဒါက ကျွန်တော်ထားချင်တဲ့ နိုင်ငံရေးအရ မျှော်မှန်းချက်ပါ။ တိုင်းပြည်ကိုတော့ တကယ် အေးချမ်းသာယာတဲ့ တိုင်းပြည်၊ ဖွံ့ဖြိုးတိုးတက်တဲ့ တိုင်းပြည်၊ မြန်မာ့ယဉ်ကျေးမှုနဲ့ ကိုက်ညီတဲ့ ဒီမိုကရေစီနိုင်ငံ၊ ပညာတတ်တွေ ပေါကြွယ်ဝတဲ့ နိုင်ငံတစ်ခု ဖြစ်အောင် ကျွန်တော် တာဝန်ယူတဲ့ အချိန်မှာ အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမယ်။

★ စာမျက်နှာ ၂၄ မှ

ဦးစွာ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးနှင့် အဖွဲ့သည် ပြည်ထောင်စု တိုင်းရင်းသား ကျေးရွာ(ရန်ကုန်)သို့ ရောက်ရှိကြပြီး ကပွဲခန်းမ၌ တိုင်းရင်းသား တိုင်းရင်းသူများနှင့် ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့တို့၏ တေးသီချင်းများ၊ ကရင်ဒုံးယိမ်း အကတို့ဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြ၍ ဖျော်ဖြေခဲ့ကြသူများအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)အတွင်း ပြသထားသည့် MV-705 သင်္ဘောအား ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် အစည်းအဝေးခန်းမ၌ ဒုတိယသမ္မတက လမ်းညွှန်အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ဆောင်ရွက်လျက်ရှိသော တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ပြသထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ကြည့်ရှုရန်နှင့် ဆောင်ရွက်နိုင်မည့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် ပံ့ပိုးကူညီပေးနိုင်ရန် ရည်ရွယ်၍ လာရောက်ခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စု တိုင်းရင်းသား ကျေးရွာတွင် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ ဓလေ့ထုံးတမ်း အစဉ်အလာများကို တစ်နေရာတည်းတွင် စုစည်းပြသခြင်းအားဖြင့် ယဉ်ကျေးမှု အမွေအနှစ်များကို မျိုးဆက်သစ်လူငယ်များအနေဖြင့် လေ့လာပြီး လက်ဆင့်ကမ်းထိန်းသိမ်းနိုင်မည်ဖြစ်ရာ ယဉ်ကျေးမှုဆိုင်ရာ အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း။

ထို့ပြင် လူမှုရေးဆိုင်ရာ အကျိုးကျေးဇူးအနေဖြင့် မတူကွဲပြားသော တိုင်းရင်းသားလူမျိုးများ အချင်းချင်း အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများရရှိပြီး ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာစေရန်အတွက်လည်း အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ပညာရေးနှင့် သုတေသနဆိုင်ရာ အကျိုးကျေးဇူးများ အနေဖြင့် တိုင်းရင်းသား လူငယ်များ၊ ကျောင်းသား ကျောင်းသူများက တိုင်းရင်းသားတို့၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုများကို လေ့လာဆည်းပူးနိုင်ပြီး သုတေသနပြုလုပ်နိုင်သည့် အသိပညာဗဟုသုတ အရင်းအမြစ်တစ်ခုအဖြစ် အကျိုးရှိစေမည်ဖြစ်ကြောင်း။

စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှု အကျိုးကျေးဇူးများ အနေဖြင့် ဒေသထွက်ကုန်များနှင့် ရိုးရာလက်မှုလုပ်ငန်းများအတွက် ဈေးကွက်များရရှိပြီး MSME လုပ်ငန်းများကို အားပေးမြှင့်တင်နိုင်မည်ဖြစ်သည့်အပြင် ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လေ့လာခြင်းဖြင့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်း အကျိုးကျေးဇူးများကိုလည်း ရရှိစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကို ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် နိုင်ငံတကာအဆင့်မီဖြစ်စေရေး အဆင့်မြှင့်တင်မှုများ ဆက်လက်လုပ်ဆောင်ရန် လိုအပ်ကြောင်း၊ လိုအပ်သည်များကိုလည်း ပံ့ပိုးဖြည့်ဆည်းပေးသွားနိုင်ရန်အတွက် မူဝါဒများနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီး ဦးသန်းမောင်က ပြည်ထောင်စု တိုင်းရင်းသား ကျေးရွာ(ရန်ကုန်)၏ ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံ၊ တည်နေရာနှင့် အကျယ်အဝန်း၊ အခြေခံ အဆောက်အအုံများနှင့် ဒေသအထိမ်းအမှတ်များ၊ နှစ်အလိုက် ဘဏ္ဍာငွေရရှိမှုနှင့် ငွေလုံးငွေရင်း အသုံးစရိတ်စာရင်း၊ ဆောင်ရွက်ရန်လျာထားသည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယသမ္မတထံ ပြည်ထောင်စု ဝန်ကြီးက အမှတ်တရလက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်ပြီး ဒုတိယသမ္မတက ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအတွက် ချီးမြှင့်ငွေများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ(ရန်ကုန်) အတွင်းရှိ နန်းမြင့်မျှော်စင်၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာအိမ်များ၊ ရိုးရာစားသောက်ဆိုင်များ၊ ရိုးရာအသုံးအဆောင်ပစ္စည်း အရောင်းဆိုင်များ၊ ဒေသအလိုက် အထိမ်းအမှတ်နေရာများ၊ ဆိပ်ခံဖောတံတား၊ MV-705 သင်္ဘော၊ လမုတောဥယျာဉ်နှင့်ပြည်ထောင်စုခန်းမတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ပြည်ထောင်စု တိုင်းရင်းသား ကျေးရွာ(ရန်ကုန်)ကိုပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် သမိုင်းအစဉ်အဆက် မှီတင်းနေထိုင်လျက်ရှိသည့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများအား တစ်နေရာတည်းတွင် တစုတစည်းတည်း ထင်ရှားပေါ်လွင်စွာ လေ့လာနိုင်ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုကိန်းအောင်း ခိုင်မာလာစေပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမိုဖြစ်ထွန်းလာစေရန် ရည်ရွယ်၍ ၂၀၀၂ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယမြောက်နေ့သို့ လာရောက်လေ့လာသည့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ်ပြည်သူ့လွှတ်တော်တတိယပုံမှန်အစည်းအဝေး တတိယမြောက်နေ့သို့ လာရောက်လေ့လာသည့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ရုက္ခဗေဒဌာနမှ ပါမောက္ခ ဒေါက်တာခင်ချိုချိုဦး ဦးဆောင်သည့် ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ပြည်သူ့လွှတ်တော်အစည်းအဝေးပြီးချိန် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် လွှတ်တော်အဆောက်အအုံ (C)ဆောင် ဒုတိယထပ်ရှိ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။



## နှုတ်ခွန်းဆက်စကားပြောကြား

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ လာရောက်လေ့လာကြသည့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ ယနေ့အစည်းအဝေးတွင် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းများကို ကိုယ်တိုင်ကိုယ်ကျ မျက်မြင်လေ့လာခွင့်ရသည့်အတွက် လွှတ်တော်နှင့်စပ်လျဉ်းသည့်ဗဟုသုတများ အထိုက်အလျောက်ရရှိမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဒီမိုကရေစီစနစ်အရ မဲပေးရွေးချယ်ရသည့် ရွေးကောက်ပွဲကာလကိုဖြတ်သန်းပြီးနောက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုသည့် မဏ္ဍိုင်ကြီး(၃)ရပ် ပေါ်ပေါက်လာပါကြောင်း၊ မိမိတို့လွှတ်တော်များသည် ဥပဒေပြုရေးမဏ္ဍိုင်ကို ကိုယ်စားပြုပြီး အဆိုပါလွှတ်တော်များသည် ပြည်သူများက ယုံကြည်အားကိုးစွာဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးကို ဖော်ဆောင်ရန် မဲပေးရွေးချယ်လိုက်သည့်ပုဂ္ဂိုလ်များဖြင့် စုဝေးထားသည့် နေရာလည်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် လွှတ်တော်နှစ်ရပ်စနစ်ကိုကျင့်သုံးပြီး ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟူ၍ရှိပါကြောင်း၊ ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်တစ်ရပ်စီ ရှိကြပါကြောင်း၊ လွှတ်တော်များ၏အဓိကတာဝန်များ သည် နိုင်ငံတော်ကို ဦးစီးဦးဆောင်မည့်ပုဂ္ဂိုလ်များကို ရွေးချယ်တင်မြှောက်ခြင်း၊ နိုင်ငံသားများအားလုံး ဥပဒေ၏အကာအကွယ်အောက်တွင် လုံခြုံအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် တည်ဆဲဥပဒေများကို လေ့လာစိစစ်သုံးသပ်ပြီး ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ရုပ်သိမ်းခြင်းအပြင် လိုအပ်သည့်ဥပဒေအသစ်များကိုလည်း ပြဋ္ဌာန်းခြင်း၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ အကြံပြုခြင်း၊ "ပြည်သူ့အသံ - လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ - လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏မျှော်လင့်ချက် - လွှတ်တော်ကဖော်ဆောင်ရွက်" ဆိုသည့် လွှတ်တော်၏ဆောင်ပုဒ်နှင့်အညီ မဲဆန္ဒရှင်ပြည်သူများ၏ လိုလားချက်ဆန္ဒများကို လွှတ်တော်တွင်း၌ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းဖြင့် ပြည်သူကို ကိုယ်စားပြုခြင်းတို့ဆောင်ရွက်ရပါကြောင်း၊ တစ်နည်းအားဖြင့် လွှတ်တော်သည် ပြည်သူနှင့် အစိုးရကြား ဆက်သွယ်ဆောင်ရွက်ပေးရသည့်ပေါင်းကူးတံတားသဖွယ်လည်းဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော်တွင် အာဆီယံ၊ နိုင်ငံတကာပါလီမန်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့များ ဖွဲ့စည်းထားရှိပါကြောင်း၊ မိမိတို့လွှတ်တော်သည် အာဆီယံပါလီမန်များညီလာခံ (AIPA) နှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU) တွင် အဖွဲ့ဝင်အဖြစ်ပါဝင်လျက်ရှိပြီး ပါလီမန်သံတမန်ရေးရာကဏ္ဍတိုးမြှင့်ရေးအတွက်လည်း အဘက်ဘက်မှကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများ အားကိုးယုံကြည်သည့် လွှတ်တော်တစ်ရပ်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုလို လွှတ်တော်သို့စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြသည့် အတွက်လည်း ဂုဏ်ယူပါကြောင်း၊ လွှတ်တော်မှဆောင်ရွက်ပေးရမည့် ကိစ္စရပ်များရှိပါက သက်ဆိုင်ရာမဲဆန္ဒနယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လွှတ်တော်၏လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ဖြေကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တက်ရောက်လာကြသည့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တစ်ဦးချင်းရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ဆက်သွယ်ရေး၊ ဒီဂျစ်တယ်နှင့် သိပ္ပံနည်းပညာကော်မတီဥက္ကဋ္ဌ ဒေါက်တာနန္ဒာလှမြင့်၊ ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီအတွင်းရေးမှူး ဦးသက်နိုင်ဦး၊ အဖွဲ့ဝင် ဒေါက်တာရွှေပြည်စိုးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၃**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။

အစည်းအဝေးတွင် SME လုပ်ငန်းများကို ဖော်ထုတ်၍ ဈေးကွက်ရရှိအောင် ဆောင်ရွက်ပေးနိုင်ရေး၊ အခြေခံလုပ်ခလစာ ပြင်ဆင်သတ်မှတ်ပေးနိုင်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ပေးနိုင်ရေး၊ မသန်စွမ်းသူများအတွက် လေ့ကျင့်ရေးစင်တာများ ဆောင်ရွက်ပေးနိုင်ရေး၊ ယာယီနေရပ်စွန့်ခွာသူများ ပြန်လည် ထူထောင်ရေးအတွက် ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရေး၊ ကျောင်းမနေနိုင်သည့် လူငယ်များအတွက် အသက်မွေးဝမ်းကျောင်း ပညာရပ် သင်ကြားပေးနိုင်ရေး၊ လမ်းများ အဆင့်မြှင့်တင် ပေးနိုင်ရေးနှင့် တံတားများ တည်ဆောက်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၃ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ လောင်းလုံးမဲဆန္ဒနယ်မှ ဦးတင့်လွင်၏ **တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (SME)များကို ဖော်ထုတ်၍ ဈေးကွက် ချိတ်ဆက်မှုရရှိအောင် စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ ရေသယံဇာတ အဓိက ပေါကြွယ်ဝသည့် တိုင်းဒေသကြီးဖြစ်သည့် အားလျော်စွာ တိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများဖြစ်သော ရေထွက်ကုန်ပစ္စည်းနှင့် ငါးလုပ်ငန်း၊ စိုက်ပျိုးရေး အခြေပြုလုပ်ငန်း၊ စားသောက်ကုန် ထုတ်လုပ်ရေးလုပ်ငန်း၊ လက်မှုအနုပညာလုပ်ငန်းနှင့် ခရီးသွားဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် တနင်္သာရီတိုင်းဒေသကြီး MSME Agency နှင့် One Stop Service များမှတစ်ဆင့် လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို တိုက်ရိုက်သိရှိ ဖြေရှင်းနိုင်ရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ပံ့ပိုးဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

တနင်္သာရီ တိုင်းဒေသကြီးအတွက် ကွမ်းသီးနှင့် ငှက်သိုက်ထုတ်ကုန်များ၊ ဆီအုန်း၊ ရော်ဘာ၊ ရေထွက်ကုန်မှာ ငါး၊ ပုစွန်၊ ချင်းခရုစသည့် OROP ထုတ်ကုန်များ ပါဝင်ပါကြောင်း၊ ထို့ကြောင့် ရှေ့ကာလတွင် ဒေသထွက်ထုတ်ကုန်များကို ကုန်ကြမ်းအဖြစ်သာ ရောင်းချခြင်းထက် ခေတ်မီစက်မှုနည်းပညာများ အသုံးချပြီး တန်ဖိုးမြင့် ထုတ်ကုန်အဖြစ် ပြောင်းလဲခြင်း၊ အရည်အသွေးမြှင့်ခြင်း၊ ထုပ်ပိုးခြင်း၊ Brand တည်ဆောက်ခြင်းနှင့် ဈေးကွက်ချိတ်ဆက်ခြင်းတို့ကို ပိုမိုအလေးထား ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

တနင်္သာရီ တိုင်းဒေသကြီးအတွင်း MSME လုပ်ငန်းများကို ဒေသနှင့်နီးကပ်ပြီး ပိုမိုထိရောက်စွာ ပံ့ပိုးပေးနိုင်ရေးအတွက် ၂၀၂၆ ခုနှစ် ဇွန် ၂၅ ရက်တွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ သက်ဆိုင်ရာဝန်ကြီး၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ဘာသာရပ် ကျွမ်းကျင်သူများ ပါဝင်သည့် အဖွဲ့ဝင် ၂၉ ဦးနှင့် ဒေသဆိုင်ရာ MSME Agency ကို ဖွဲ့စည်းထားပြီး ဖြစ်ပါကြောင်း၊ ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး MSME လုပ်ငန်းရှင်များအတွက် နေပြည်တော်၊ ရန်ကုန် စသည့်နေရာများကို သွားရောက်ပြီး ဝန်ဆောင်မှု ရှာဖွေခြင်းထက် ဒေသအတွင်း လိုအပ်သည့် ဝန်ဆောင်မှုများကို တစ်နေရာတည်းတွင် ရရှိနိုင်စေရန် ၂၀၂၆ ခုနှစ် ဇူလိုင်လတွင် One Stop Service ရုံးများကို စတင်ဖွင့်လှစ်ထားပြီး သက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက်၍ လက်တွေ့ကျကျ ထိထိရောက်ရောက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ကြံခင်းမဲဆန္ဒနယ်မှ ဦးနိုင်မင်းဦး၏ **အလုပ်သမားများ၏ အနိမ့်ဆုံးအခကြေးငွေကို တိုးမြှင့်သတ်မှတ်ပေးရန်၊ အခြေခံလုပ်ခလစာစနစ်ကို ပြန်လည်ပြင်ဆင်သတ်မှတ်ရန်၊ အသက်မွေးဝမ်းကျောင်းနိုင်သော လုပ်ခ (Living Wage)စံနှုန်းသို့ တဖြည်းဖြည်းပြောင်းလဲနိုင်ရေး မူဝါဒချမှတ်ဆောင်ရွက်ရန်နှင့် အနိမ့်ဆုံးအခကြေးငွေ တိုးမြှင့်သတ်မှတ်ရာတွင် ဈေးငွေပံ့ပိုးမှု၊ နည်းပညာကူညီမှု၊ အခွန်ဆိုင်ရာအထောက်အပံ့များ ပူးတွဲဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်သန်းက အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီသည် အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် အလုပ်ရှင်နှင့် အလုပ်ရှင်အဖွဲ့အစည်းများ၊ အလုပ်သမားနှင့် အလုပ်သမား အဖွဲ့အစည်းများထံမှ အကြံပြုချက်များ သဘောထားမှတ်ချက်များနှင့်အညီ ၂၀၁၈ ခုနှစ်တွင် နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ တစ်နိုင်ငံလုံး တစ်ပြေးညီ တစ်နာရီလျှင် ကျပ် ၆၀၀ နှုန်းဖြင့် အလုပ်ချိန် ၈ နာရီအတွက် ကျပ် ၄၈၀၀ တိုးမြှင့် သတ်မှတ်ခဲ့ပါကြောင်း၊ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ပထမအကြိမ် အပိုထောက်ပံ့ကြေး ကျပ် ၁၀၀၀၊ ၂၀၂၄ ခုနှစ် ဩဂုတ် ၉ ရက်တွင် ဒုတိယအကြိမ် အပိုထောက်ပံ့ကြေး ကျပ် ၁၀၀၀ နှင့် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် တတိယအကြိမ် အပိုထောက်ပံ့ကြေး ကျပ် ၁၀၀၀ ထပ်မံတိုးမြှင့်ပေးခဲ့ပြီး စုစုပေါင်း အပိုထောက်ပံ့ကြေးအဖြစ် ကျပ် ၃၀၀၀ ကို ခံစားခွင့်ပြုခဲ့ရာ အလုပ်သမားများအနေဖြင့် အလုပ်လုပ်သောရက်များ၊ ဥပဒေနှင့်အညီ ခံစားသော ခွင့်ရက်များ၌ တစ်ရက်ဝင်ငွေ စုစုပေါင်းကျပ် ၇၈၀၀ ရရှိမည်ဖြစ်ပါကြောင်း။

ဥပဒေနှင့်အညီ အနည်းဆုံးအခကြေးငွေ ပြန်လည်သုံးသပ်ရာတွင် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီအနေဖြင့် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်သဘောတူညီမှုဖြင့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများကို ထည့်သွင်းစဉ်းစားလျက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် MSMEs များအတွက် လိုအပ်သောငွေကြေးရင်းမြစ်များအား ဘဏ်များမှတစ်ဆင့် ပံ့ပိုးပေးနိုင်ရေး အလေးထား ဆောင်ရွက်လျက်ရှိရာ MSMEs ကဏ္ဍသို့ JICA ရန်ပုံငွေ၊ MSMEs ရန်ပုံငွေများအပြင် ဘဏ်များ၏ ဘဏ္ဍာရန်ပုံငွေ အသုံးပြု၍ မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် ၁၉ ဘဏ်တို့မှ ချေးငွေများ ထုတ်ချေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၈၉၇၄ ဒသမ ၂၂ ဘီလီယံ ရှိပါကြောင်း၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အနေဖြင့် MSMEs ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကျပ် ဘီလီယံ ၁၅၀ မှ ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ ၂၀၂၆ ခုနှစ်ဇွန်လအထိ လုပ်ငန်းရှင် ၂၅၃ ဦးသို့ ငွေကျပ် ၉၉၅၅ သန်း ထုတ်ချေးပေးပြီး ဖြစ်ပါကြောင်း။

ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားသည့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်သော MSMEs များ ဖြစ်ပေါ်လာစေရေးအတွက် နည်းပညာ၊ အသိပညာပေး ဆွေးနွေးပွဲများနှင့် သင်တန်းများကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် MSMEs လုပ်ငန်းရှင် ၃၁၄၈ ဦးသို့ လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု အသိပညာ၊ နည်းပညာများ ပံ့ပိုးပေးပြီးဖြစ်ပါကြောင်းနှင့် နိုင်ငံတော်၏မူဝါဒ၊ ရည်မှန်းချက်များ၊ MSMEs လုပ်ငန်းများ၏ လိုအပ်ချက်များနှင့်အညီ MSMEs ဖွံ့ဖြိုးတိုးတက်ရေး ပံ့ပိုးဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး၏ **လူ့စွမ်းအား အရင်းအမြစ်များ လေလွင့်ဆုံးရှုံးမှု မရှိစေရေးအတွက် အလုပ်အကိုင် အခွင့်အလမ်းနှင့်ပတ်သက်ပြီး နိုင်ငံတော်က မည်သို့ အစီအမံများ ချမှတ်လုပ်ဆောင်လျက်ရှိသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်သန်းက တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စက်မှုဇုန်များတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်သည့် အခြေခံ CMP လုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုကဏ္ဍများရှိ စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ငန်းခွင် အေးချမ်းသာယာပြီး ကုန်ထုတ်လုပ်မှု တိုးတက်၍ လုပ်ငန်းသစ်များ စဉ်ဆက်မပြတ် လည်ပတ်နိုင်စေခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုသစ်များ ဝင်ရောက်လာရေး ဆွဲဆောင်နိုင်မည် ဖြစ်သည့်အတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် စက်မှုဝန်ကြီးဌာနကို စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်း၍ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ရင်းနှီးမြှုပ်နှံငွေရရှိအောင် အတိုးနှုန်းသက်သာသည့်ချေးငွေများ ထုတ်ချေးပေးခြင်း၊ နည်းပညာနှင့်ကုန်ထုတ်လုပ်မှုသင်တန်းများ ပေးခြင်းဖြင့် နည်းပညာများပံ့ပိုး၍ ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းသစ်များရရှိစေရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန အနေဖြင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ်များကို စိစစ်ခွင့်ပြုဆောင်ရွက်ပေးခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းသစ်များကို ရှာဖွေဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၊ နည်းပညာမြင့်မားသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဦးစားပေးဖိတ်ခေါ် စိစစ်ဆောင်ရွက်ပေးခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်စမ်းစမ်းငွေ၏ **ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ မသန်စွမ်းသူများအတွက် ခရိုင်အလိုက် လေ့ကျင့်ရေးစင်တာများ ထားရှိပေးပါရန်နှင့် လက်လှမ်းမီသည့် ဆေးရုံများတွင် အခြေခံကျန်းမာရေး ဝန်ဆောင်မှုများ (အခမဲ့) ပြုလုပ်ပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက ဒဂုံမြို့သစ်(တောင်ပိုင်း)ရှိ မသန်စွမ်းသူများအား ပြန်လည်သန်စွမ်းရေးအတွက် ခရိုင်အလိုက် လေ့ကျင့်ရေးစင်တာများ သီးသန့်ထားရှိပေးခြင်း မရှိသော်လည်း အနီးစပ်ဆုံးဖြစ်သည့် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး အပါအဝင် ရန်ကုန်မြို့ရှိ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံနှင့် ပြည်သူ့ဆေးရုံကြီးများရှိ အကြောအဆစ်နှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဌာနများတွင် အကြောအဆစ်နှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး အထူးကုဆရာဝန်ကြီးများ၊ အကြောအဆစ် ကျွမ်းကျင်များက မသန်စွမ်းသူများအတွက် လိုအပ်သော လေ့ကျင့်သင်ကြားပေးမှုများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် **အတက်ရောဂါနှင့်ပတ်သက်သော ဆေးဝါးများကိုစွမေးမြန်းချက်နှင့် ပတ်သက်၍လည်း** ပြည်သူ့ကျန်းမာရေး ဦးစီးဌာနသည် အခြေခံကျန်းမာရေး စောင့်ရှောက်မှုအဆင့်တွင် အတက်ရောဂါအား ထိရောက်စွာ ကုသနိုင်ရေးအတွက် အတက်ရောဂါစီမံချက်ဖြင့် ဆရာဝန်၊ သူနာပြုနှင့် အခြေခံကျန်းမာရေး ဝန်ထမ်းများအား သင်တန်းများ ပို့ချပေးခဲ့ပြီး မြို့နယ် ၁၀၀ ကျော်တွင် ကုသရေးဝန်ဆောင်မှုများကို တိုးချဲ့ကာ Phenobarbital၊ Carbamazepine နှင့် Sodium Valproate စသည့် အခြေခံဆေးဝါးများကိုလည်း ကျန်းမာရေးဝန်ကြီးဌာနမှ နှစ်စဉ် ဝယ်ယူ၍ လူနာများအား အခမဲ့ဖြန့်ဝေကုသပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့အနေဖြင့် မသန်စွမ်းသူများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ မသန်စွမ်းသူများအား ပြန်လည်သန်စွမ်းစေရေးအတွက် ခရိုင်အလိုက် လေ့ကျင့်ရေးစင်တာများ ထားရှိပေးရန် လတ်တလောတွင် အစီအစဉ် မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး၏ **ယာယီနေရပ်စွန့်ခွာသူများ၏ ဘဝ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် မည်သို့ အစီအမံများထားရှိထားသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် အကြမ်းဖက် ဖြစ်စဉ်ကြောင့် ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ တစ်ဦးလျှင် တစ်လကျပ် ၂၀၀၀၀ နှုန်းဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ စုစုပေါင်းငွေကျပ် ၁၄၄၃၅၈ ဒသမ ၈ သန်း ထောက်ပံ့ပေးခဲ့ပါကြောင်း။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ

စာမျက်နှာ ၁၂ သို့

※ စာမျက်နှာ ၁၁ မှ

စီမံခန့်ခွဲမှုဦးစီးဌာန အနေဖြင့်လည်း ဦးစီးဌာန၏ လုပ်ငန်းတာဝန်ဖြစ်သည့် ဘေးသင့်ပြည်သူများ လတ်တလောစားဝတ်နေရေး ပြေလည်စေရန် ထောက်ပံ့ခြင်းနှင့် လူကြောင့်ဖြစ်သော ဘေးအန္တရာယ်များကြောင့် ထွက်ပြေးတိမ်းရှောင်သူများအား ထောက်ပံ့ခြင်းတို့ကို လုပ်ငန်းစဉ်များနှင့်အညီ နယ်မြေအခြေအနေကြောင့် နေရပ်စွန့်ခွာရသူများနှင့် နယ်မြေတည်ငြိမ်အေးချမ်းလာပြီဖြစ်၍ ပြန်လည်ဝင်ရောက် နေထိုင်သူများအား ဆန်ရိက္ခာဖိုး ထောက်ပံ့ခြင်း၊ အကြမ်းဖက် ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးသည့် နေအိမ်များအတွက် သတ်မှတ်ထောက်ပံ့ကြေးနှင့် မိသားစုသုံးပစ္စည်းစုံ၊ တစ်ကိုယ်ရေ ကျန်းမာရေးသုံးပစ္စည်းစုံနှင့် မီးဖိုချောင်သုံးပစ္စည်းစုံ ထောက်ပံ့ခြင်းနှင့် ပြန်လည်ထူထောင်ရေး၊ ပြန်လည်နေရာချထားရေး ကိစ္စရပ်များကို ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

လတ်တလော စားဝတ်နေရေး အဆင်ပြေစေရန် ဆန်၊ ဆီ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်များ ထောက်ပံ့လျက်ရှိရာ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဘတ်ဂျက်မှ ချင်းပြည်နယ်အတွင်း ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် ငွေကျပ် ၄၇ ဒသမ ၇၆၆ သန်း၊ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ရှမ်းပြည်နယ် ပင်လောင်း၊ ဖယ်ခုံ၊ နောင်ချို၊ ကျောက်မဲ၊ သီပေါနှင့် ဆီဆိုင်မြို့နယ်တို့သို့ ပြန်လည် ဝင်ရောက်လာသည့် ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် ငွေကျပ် ၈၄၉ ဒသမ ၂၂၅ သန်းနှင့် ရန်ကုန်တိုင်းဒေသကြီးသို့ ရောက်ရှိနေသည့် ရခိုင်ပြည်နယ် မြို့နယ် ခုနစ်မြို့နယ်မှ ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် ငွေကျပ် ၂၇၂ ဒသမ ၅၅၆ သန်းတန်ဖိုးရှိ စားနပ်ရိက္ခာများ ထောက်ပံ့ပေးခဲ့ပါကြောင်း၊ နေပြည်တော်၊ ကချင်၊ ကယား၊ ကရင်၊ စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ မွန်၊ ရခိုင်၊ ရန်ကုန်၊ ရှမ်း၊ ဧရာဝတီ တိုင်းဒေသကြီးတို့ အတွင်းရှိ ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် ဆန် ၃၀၈၄၀၇ အိတ်ကိုလည်း ထောက်ပံ့ပေးခဲ့ပါကြောင်း။

ပြန်လည် ထူထောင်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ချင်းပြည်နယ်၊ ဖလမ်း၊ တီးတိန်နှင့် တွန်းဇံမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နှင့် ဖောင်းပြင်မြို့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် ပြန်လည်ပြုပြင်ရန်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရန်ပုံငွေများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေမှ သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးခဲ့ပါကြောင်း။

မြန်မာနိုင်ငံ အတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ် အချို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးခဲ့ရမှုများအပေါ် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့၌ နိုင်ငံတော်အစိုးရက ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အဆင့်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၂၁-၂၀၂၅ ခုနှစ် နိုင်ငံရေးအကျပ်အတည်းကာလ၌ လူမှုစီးပွားရေးဘဝများ၊ အိုးအိမ်တိုက်တာနေရာထိုင်ခင်းများ ပျက်စီးဆုံးရှုံးခဲ့ကြရသော ယာယီနေရပ်စွန့်ခွာမိဘပြည်သူများ၏ ဘဝပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ပိုမိုထိရောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ထားဝယ် မဲဆန္ဒနယ်မှ ဒေါက်တာ ကျော်ကျော်ငွေး၏ **ကျောင်းမနေနိုင်သော လူငယ်များ အလုပ်အကိုင် ရရှိစေနိုင်သည့် အသက် မွေးဝမ်းကျောင်းမှု ပညာရပ်တစ်မျိုးမျိုး သင်ကြားတတ်မြောက်စေရန် စီမံဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက နယ်စပ်ရေးရာဝန်ကြီးဌာနက ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အနေဖြင့် ပညာရေးကို ဆုံးခန်းတိုင်အောင် မသင်ကြားခဲ့ရသည့် နယ်စပ်ဒေသတွင် ရှိသည့် ကျေးလက်နေလူငယ်များနှင့် အမျိုးသမီးငယ်များ အလုပ်အကိုင်ရရှိစေရေးအတွက် အမျိုးသမီးအိမ်တွင်းမှု အသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၄၇ ကျောင်းနှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း ကိုးကျောင်းတို့ကို ဖွင့်လှစ်ထားရှိသင်ကြားပေးလျက် ရှိပါကြောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာ သင်တန်းကျောင်းလေးကျောင်း၌ ဖွင့်လှစ်သင်ကြားလျက်ရှိပြီး ကျန်သင်တန်းကျောင်းများကိုလည်း နယ်မြေတည်ငြိမ်အေးချမ်းမှုအပေါ် မူတည်၍ သက်မွေးဝမ်းကျောင်း သင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှ စတင်၍အခြေခံပညာအလယ်တန်းအဆင့်တွင် စက်မှုအတတ်ပညာ၊ အခြေခံစိုက်ပျိုးရေးပညာ၊ အခြေခံမွေးမြူရေးပညာတို့ကို သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းပြဋ္ဌာန်းနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံပညာ အလယ်တန်းအဆင့် သင်ယူပြီးမြောက်သူလူငယ်များ အထက်တန်းအဆင့်သို့ ဆက်လက်တက်ရောက်နိုင်ခြင်း မရှိပါက အလုပ်အကိုင် ရရှိစေနိုင်သည့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ပညာရပ်များသင်ယူမှုအခွင့်အလမ်းကို စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အနေဖြင့် ကာလတိုနည်းပညာဆိုင်ရာ သင်တန်းနှင့် သက်မွေးပညာဆိုင်ရာသင်တန်း ၃၈ မျိုးကို ဖွင့်လှစ်သင်ကြားလျက် ရှိပါကြောင်း၊ အလားတူ ကျောင်းမနေနိုင်သောလူငယ်များကို အလုပ်အကိုင်ရရှိစေနိုင်သည့် အသက်မွေးဝမ်းကျောင်းမှု ပညာရပ်တစ်မျိုးမျိုး သင်ကြားတတ်မြောက်စေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့အနေဖြင့် ဘဏ္ဍာနှစ်အလိုက် သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက် ရှိပါကြောင်းနှင့် အလုပ်အကိုင်ရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

တမူးမဲဆန္ဒနယ်မှ ဦးအောင်ကိုလတ်၏ **တမူးမြို့နယ် ဟဲဇင်းကျေးရွာ ရွာပတ်လမ်းရှိ ရေထုတ်မြောင်းအား Box Culvert တစ်စင်း၊ စော်ဘွားအင်း ရပ်ကွက်ရှိ သာသနာ့ဥယျာဉ်လမ်း၊ စန္ဒကူး အမှတ်(၁/၂/၃) ရပ်ကွက်ရှိ ကုန်ထုတ်လမ်းမကြီးနှင့် မြို့မ အမှတ်(၂)နှင့် အမှတ်(၃) ရပ်ကွက်အား ဆက်သွယ်ထားသော မော်ကူးလမ်းတို့အား မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက တမူးမြို့နယ် ဟဲဇင်းကျေးရွာအုပ်စု ဟဲဇင်းကျေးရွာရှိ စာသင်ကျောင်းအနောက်ရွာပတ်လမ်းရှိ ရေထုတ်မြောင်းနေရာတွင် Box Culvert တစ်စင်း တည်ဆောက်ရန်အတွက် Feasibility Study ပြုလုပ်ပြီး Design ရေးဆွဲ၍ နီးစပ်ရာ ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာငွေရရှိမှုပေါ်မူတည်၍ ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ တမူးမြို့ စော်ဘွားရပ်ကွက် နယ်မြေ(၉) အမက(၄) ကျောင်းလမ်းသွယ်မှ နယ်မြေ(၁၀) သာသနာ့ဥယျာဉ် ဘုန်းကြီးကျောင်း မုခ်ဦးအထိ စုစုပေါင်း အရှည် ၄၆၂၅ ပေ၊ အမက(၄) ကျောင်း လမ်းထိပ်မှ ချယ်ရီလမ်းအထိ သဲကျောက်လမ်း အရှည်ပေ ၂၀၀၀ ရှိပြီး ချယ်ရီလမ်းမှ သာသနာ့ဥယျာဉ် ဘုန်းကြီးကျောင်းမုခ်ဦးအထိ စုစုပေါင်းလမ်းအရှည် ၆၆၂၅ ပေ အနက် ၂၆၂၅ ပေ မြေလမ်းမှာ လမ်းသားနိမ့်၍ ရေဝပ်သည့်အပိုင်းဖြစ်ပါသဖြင့် မြေပြင်အခြေအနေအရ ကွန်ကရစ်ခင်းရမည်ဖြစ်၍ ချယ်ရီလမ်းမှ သာသနာ့ဥယျာဉ်ဘုန်းကြီး ကျောင်းမုခ်ဦးအထိ ကွန်ကရစ်ခင်းခြင်း တစ်မိုင်အား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ပြည်ထောင်စု ရန်ပုံငွေတွင် အဆိုပြုလျာထားပါကြောင်း။

၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေတွင် စန္ဒကူး ရပ်ကွက် အမှတ်(၁/၂/၃)အတွင်းရှိ လမ်းအား ကွန်ကရစ်ခင်းခြင်း ၂ ဖာလုံနှင့် မြို့မရပ်ကွက် အမှတ်(၂)နှင့် အမှတ်(၃)ရှိ မိုးကောင်းဓမ္မာရုံလမ်းအား ကွန်ကရစ်ခင်းခြင်း ၄ ဖာလုံ အဆိုပြုလျာထားသည်ကို တင်ပြအပ်ပါကြောင်း၊ မြို့မ အမှတ်(၂)နှင့် အမှတ်(၃) ရပ်ကွက်အား ဆက်သွယ်ထားသည့် မော်ကူးလမ်းပေ ၃၀၀၀ အား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး တိုင်းဒေသကြီးရန်ပုံငွေမှ ချောင်းသဲကျောက်အမာခံခင်းရန် အဆိုပြုလျာထားပါကြောင်း ဖြေကြားသည်။

ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း၏ **ရေးမြို့နယ် နှစ်ကရပ်ရွာနှင့် သဃ်န်းကျွန်း ကျေးရွာကြား ရေကျော် ချောင်းကူးတံတားနှင့် ကတ္တရာလမ်း တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်စွာဦးက ရေးမြို့နယ် နှစ်ကရပ်ကျေးရွာနှင့် သဃ်န်းကျွန်း ကျေးရွာကြားလမ်းသည် နယ်စပ်ရေးရာဝန်ကြီးဌာနက စီမံခန့်ခွဲသည့်ဧရိယာတွင် ပါဝင်သော်လည်း အဆိုပါလမ်းပေါ်၌ ရေကျော် ချောင်းကူးတံတား တည်ဆောက်မည်ဆိုပါက ချောင်းအကျယ် ပေ ၁၂၀၀ ရှိသည့်အတွက် ကုန်ကျစရိတ်များပြားပြီး ဒေသအတွက် အကျိုးပြုမှုနည်းပါးခြင်းကြောင့်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် သံကူကွန်ကရစ်တံတား အရှည် ပေ ១၈၀ အထိသာ ဆောင်ရွက်လျက်ရှိခြင်းကြောင့် လည်းကောင်း၊ နယ်မြေလုံခြုံရေး အခြေအနေအရ သွားလာရန် ခက်ခဲမှုများကြောင့် လည်းကောင်း၊ နှစ်ကရပ်ကျေးရွာ နှင့် သဃ်န်းကျွန်းကျေးရွာကြား ရေကျော် ချောင်းကူးတံတား တည်ဆောက်ခြင်းနှင့် ကတ္တရာခင်းခြင်း လုပ်ငန်းတို့ကို လတ်တလော အခြေအနေများအရ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ်ရန်ပုံငွေမှ ဆောင်ရွက်နိုင်ခြင်းမရှိပါကြောင်းနှင့် နယ်မြေလုံခြုံရေး ကောင်းမွန်လာသည့် အချိန်တွင် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ လျာထားဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

ချောင်းဦးမဲဆန္ဒနယ်မှ ဦးထွန်းလွင်၏ **ချောင်းဦး-အမြင့်လမ်းတွင် ပျက်စီးနေသော ကတ္တရာလမ်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ပြန်လည်ပြုပြင် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မန္တလေး - စစ်ကိုင်း- မုံရွာ - ရေဦးလမ်းပေါ်ရှိ ချောင်းဦးမြို့နှင့် တောကျောင်းကြီး-အမြင့်- ရွှေဒါးကျလမ်းပေါ်ရှိ အမြင့်မြို့ဟောင်းကို ဆက်သွယ်ထားသော လမ်းအရှည် ၈ မိုင် ၁ ဖာလုံသည် ပြည်ထောင်စုအစိုးရက စီမံခန့်ခွဲသောလမ်း ဖြစ်ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အတွင်း၌ လမ်းမိုင်ပေါင်း ၅၁၅၁ မိုင် ၆ ဖာလုံရှိပြီး ပျက်စီးမှုများနေသော ကတ္တရာလမ်းအပိုင်းများ ပြုပြင်ခြင်းနှင့် တံတားပြုပြင်ခြင်း လုပ်ငန်းအား လတ်တလောတွင် ဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်းနှင့် ကာလတို ငါးနှစ် စီမံချက်ကာလအတွင်း ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်မှ စတင်၍ ပြည်ထောင်စု ရန်ပုံငွေတွင် နှစ်အလိုက်လျာထားပြီး ရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

ဇီးကုန်းမဲဆန္ဒနယ်မှ ဦးကျော်မင်းထွန်း၏ **ဇီးကုန်းမြို့နယ် ဇီးကုန်း- ဘော်ဘင် ကတ္တရာလမ်းပိုင်း (၁၀/၅) မိုင် ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရန်ကုန်-ပြည်လမ်းပေါ်ရှိ ဇီးကုန်းမြို့ သံပုရာခုန်ရွာမှစတင်ပြီး ခရိုင်ချင်းဆက်လမ်းအမှတ်(၁)ကိုဖြတ်သန်းကာ ဘော်ဘင်ရွာသို့ ဆက်သွယ်ထားသော အရှည် ၁၀ မိုင် ၅ ဖာလုံရှိသည့်လမ်းဖြစ်ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု ရန်ပုံငွေဖြင့် လမ်းအရှည် ၁ မိုင် ၅ ဖာလုံအား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် လမ်းအရှည် ၁ မိုင်အား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုရန်ပုံငွေတွင် လျာထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ကျန်လမ်းပိုင်းများကိုလည်း နှစ်အလိုက် ရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

မော်လမြိုင်ကျွန်း မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း၏ **မော်လမြိုင်ကျွန်း- လှိုင်းဘွန်း- ရေတွင်းကုန်းလမ်း(၃၅/၇)မိုင်အား ရာသီမရွေးသွားလာနိုင်သော လမ်းနှင့် မြစ်ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မော်လမြိုင်ကျွန်း- လှိုင်းဘွန်း-သစ်ပုတ်-ကွင်းပေါက်- ပြင်စလူလမ်းကို ၂၀၂၆ -၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကညင်ချောင်းတံတား ချဉ်းကပ်လမ်း၏ မြေသားတာပေါင်အသစ် တည်ဆောက်ခြင်းနှင့် အမာခံလမ်းခင်းခြင်း ၂ ဖာလုံ ဆောင်ရွက်ရန် ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ မော်လမြိုင်ကျွန်း - လှိုင်းဘွန်း - ရေတွင်းကုန်း လမ်းပိုင်းအား ရာသီမရွေး သွားလာနိုင်ရေးအတွက် ကျန်ရှိနေသော အမာခံလမ်းနှင့် မြေသားလမ်းပိုင်းများအား ပထမအဆင့်အနေဖြင့် ကျောက်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းအား ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ်မှစတင်၍ ရန်ပုံငွေများ လျာထားသွားမည်ဖြစ်ပါကြောင်း၊ ဧရာဝတီမြစ်ကူးတံတား (ဖျာလိပ်) တည်ဆောက်ပေးရန်နှင့်ပတ်သက်၍ သင်္ဘောကြီးများ ဖြတ်သန်းသွားလာနိုင်ရန်အတွက် ရေလမ်း ကင်းလွတ်အမြင့်ပေ ၄၀ လိုအပ်ပါသဖြင့် တံတားအရှည်မှာ ၂၈၅၈ ပေခန့် ရှိမည်ဖြစ်ပြီး လတ်တလော တည်ဆောက်ရန် အစီအစဉ် မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

မော်လိုက် မဲဆန္ဒနယ်မှ ဦးမြင့်စိုးဆင့်၏ **မော်လိုက်မြို့တွင် ချင်းတွင်း မြစ်ကူးတံတားကို ရေတို ရေရှည် အစီအမံများ ချမှတ်၍ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့တွင် ချင်းတွင်းမြစ်ကူးတံတား (မော်လိုက်)တည်ဆောက်လိုသည့် နေရာသည် ချင်းတွင်းမြစ်၏ အရှေ့ဘက်ကမ်းရှိ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသော သဉ္ဇယ်ကျင်း - ဖောင်းပြင်- ဟုမ္မလင်း - ခန္တီးလမ်းမှ ခွဲထွက်လာသည့် မော်လိုက်မြို့ အဝင်လမ်းအဆုံး မိုင်တိုင်(၇)တွင် တည်ရှိပါကြောင်း၊ လတ်တလော နယ်မြေဒေသ အခြေအနေများအရ ချင်းတွင်း မြစ်ကူးတံတား (မော်လိုက်) တည်ဆောက်ရန် အစီအစဉ် မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး၏ **အုတ်ဖိုမြို့နယ် ဂုံညင်းတန်း- ကံသာယာလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က အုတ်ဖိုမြို့နယ် ဂုံညင်းတန်း - ကံသာယာလမ်းသည် လမ်းအရှည် ၆ မိုင်ရှိသည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသောလမ်း ဖြစ်ပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် အဆိုပါလမ်း၏ မူလကျောက်လမ်းပိုင်းမှ ပျက်စီးမှုဖြစ်ပေါ်နေသော လမ်းအရှည် ၁ မိုင်အား ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပြီး ရန်ပုံငွေ ဆက်လက်ရရှိမှုအပေါ် မူတည်၍ ကွန်ကရစ်လမ်းအဖြစ် အဆင့် မြှင့်တင်ခြင်းကိုလည်း လျာထားပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ကိုရပ်နားလိုက်ပြီး အစည်းအဝေး စတုတ္ထနေ့ကို စက်တင်ဘာ ၂၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်ခြင်း (၇၇)နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်

**မန္တလေး စက်တင်ဘာ ၂၃**

မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကြီးမှူး၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်ခြင်း (၇၇)နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားကို မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေးဟိုတယ်တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့ အခြေစိုက်တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Ms. Gao Ping၊ မန္တလေးမြို့အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် H.E. Mr.Sundeep Kaushal နှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့မှ တာဝန်ရှိသူများ ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သီချင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားဖွင့်လှစ်၍ မန္တလေးမြို့ အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Ms. Gao Ping က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုစကားနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အေးချမ်းသာယာပြီး စဉ်ဆက်မပျက် ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်တောင်းစကားတို့ကို ပြောကြားခဲ့ကြောင်းနှင့် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်မှ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။



(မန္တလေးနေ့စဉ်)

## ဆင်အကအလှူပြိုင်ပွဲနှင့် ဆင်လှူပွဲတော်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆင်အကအလှူပြိုင်ပွဲနှင့် ဆင်လှူပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက ခရိုင်လမ်းဦးစီးရိပ်သာ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်က ဆင်အကအလှူပြိုင်ပွဲကို ယခင်နှစ်များအတိုင်း သီတင်းကျွတ်လဆန်း ၁၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် အမှာစကားပြောကြားခဲ့ပြီး ဆင်အကအလှူပြိုင်ပွဲ ဦးစီးကော်မတီအတွင်းရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထိုက်ထိုက်ဇော်နှင့် လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌတို့က မဏ္ဍပ်ဆောက်လုပ်ရေး၊ အမှတ်ပေးဒိုင်များ ရွေးချယ်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရေးစသည့် လုပ်ငန်းများအကြောင်း ဆပ်ကော်မတီဥက္ကဋ္ဌများက ကဏ္ဍအသီးသီးအလိုက် ပါဝင်ဆွေးနွေးခဲ့သည်။ (ဝဲပုံ)



ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်က ဆင်အကအလှူပြိုင်ပွဲစည်ကားရေးအတွက် ဆပ်ကော်မတီများအနေဖြင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ပြည်သူများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(၄စ၅)

## လူမှုဖူလုံရေးအဖွဲ့မှ ဆွေးနွေးပွဲ ကျင်းပ

**ချောက် စက်တင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၌ လူမှုဖူလုံရေးအဖွဲ့မှ ဆွေးနွေးပွဲကို စက်တင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာန လူမှုဖူလုံရေးဥပဒေပါအာမခံစနစ်များ၊ မှတ်ပုံမတင်မနေရပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သည့် အလုပ်ဌာနများစသည့်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲပါအကြောင်းအရာတို့အား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက မေးမြန်းခဲ့ရာ မြို့နယ်လူမှုဖူလုံရေးအဖွဲ့တာဝန်ခံက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။ (အောက်ပုံ)

အဆိုပါ ဆွေးနွေးပွဲသို့ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဦးစီးအရာရှိနှင့်ဝန်ထမ်းများ အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ကျော်မိုး(ပြန်/ဆက်)



## (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ယဉ်ကျေးလိမ္မာသင်ကြားရေး စတင်သင်ကြားခြင်းနှင့် စာအုပ်များ ပေးအပ်လှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၃**

ကျောက်ဆည်မြို့၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)မှ ကြီးမှူးကျင်းပသည့် (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ယဉ်ကျေးလိမ္မာသင်ကြားရေးစတင်ခြင်းနှင့် (၃၈)ဖြာမင်္ဂလာတရားတော်စာအုပ်များ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက ကျောက်ဆည်မြို့၊ ဒွေးလုရွာ အေးချမ်းသာမဏ္ဍာရုံတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(YMBA) ဥက္ကဋ္ဌ ဦးမိုးဇော်ထွန်း၊ အတွင်းရေးမှူး ဦးမြင့်ဦး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကျောက်ဆည်မြို့၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင် YMBAအသင်း နာယကဆရာတော်က ဩဝါဒစကားမြွက်ကြားပြီးနောက် မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာက လျာဏယုဝအသင်း(YMBA) ဥက္ကဋ္ဌက နှုတ်ခွန်းဆက် အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(YMBA) ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့က (၃၈)ဖြာမင်္ဂလာတရားတော်စာအုပ်များနှင့် ချီးမြှင့်ငွေများကို သက်ဆိုင်ရာ သင်ကြားပေးမည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများထံသို့ အသီးသီးပေးအပ်၍ ကျောက်ဆည်မြို့၊ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း YMBA ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီးနောက် မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA) ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။ (ဝဲပုံ)(မန္တလေးနေ့စဉ်-၅)



| အာဖရိကနိုင်ငံများဖလား(ခြေစစ်ပွဲစဉ်များ) နိုင်ဂျီးရီးယား | | | |
|---|---|---|---|
| ရက်/အချိန် | ပွဲစဉ် | | |
| ၂၄-၉-၂၀၂၆ ညဂုး၃၀နာရီ | နမီးဘီးယား | - | ကွန်ဂို |
| ၂၄-၉-၂၀၂၆ ည၁၀း၃၀နာရီ | ဒီအာကွန်ဂို | - | ဂွနီယာ |
| ။ | မော်ရီတန်းနီးယား | - | ဗဟိုအာဖရိက |
| ။ | လစ်ဗျား | - | ဘော့ဆွာနာ |
| ၂၅-၉-၂၀၂၆ နံနက်၀၁း၃၀နာရီ | အိုင်ဗရီကို့စ် | - | ဂါနာ |
| ။ | တူးနီးရှား | - | ယူဂန်ဒါ |
| ။ | ကင်မရွန်း | - | ကိုမိုရော့စ် |

| ယူအီးအက်ဖ်အေနေးရှင်းလိဂ်(အုပ်စုအဆင့်ပွဲစဉ်များ) နိုင်ဂျီးရီးယား | | | |
|---|---|---|---|
| ရက်/အချိန် | ပွဲစဉ် | | |
| ၂၄-၉-၂၀၂၆ ည၁၀း၃၀နာရီ | အန်ဒိုရာ | - | မော်လ်တာ |
| ၂၅-၉-၂၀၂၆ နံနက်၀၁း၁၅နာရီ | နယ်သာလန် | - | ဂျာမနီ |
| ။ | ဆားဘီးယား | - | ဂရိ |
| ။ | နော်ဝေ | - | ဒိန်းမတ် |
| ။ | ပေါ်တူဂီ | - | ဝေးလ် |
| ။ | ဩစတြီးယား | - | အစ္စရေး |
| ။ | ကိုဆိုဗို | - | အိုင်ယာလန် |
| ။ | လက်ချင်စတိန်း | - | လစ်သူယေးနီးယား |

# အကြမ်းဖက်လုပ်ရပ်များကို စက်ဆုပ်ရွံရှာခြင်း၊ အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်လိုခြင်းတို့ကြောင့် PDF အမည်ခံ အဖွဲ့ဝင် ၃၂ ဦးနှင့် ၎င်းတို့၏မိသားစုဝင် ခြောက်ဦး စုစုပေါင်း ၃၈ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်




စစ်ကိုင်းတိုင်းဒေသကြီး ဆားတောင်နယ်မြေအတွင်းမှ PDF အမည်ခံအဖွဲ့ဝင်များ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်စဉ်။

နေပြည်တော် စက်တင်ဘာ ၂၃

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုအောက်တွင် တပ်မတော်အနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို အစဉ်တစိုက် အလေးထားဆောင်ရွက်လျက်ရှိသည်နှင့် အညီ အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး (Counter – Terrorism Operation) များတွင် အောင်မြင်မှုများရရှိကာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီ ထိန်းချုပ်ထားသည့် နယ်မြေများအား တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ဆက်သွယ်ရေးလမ်းကြောင်းများအား အပြည့်အဝပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့မှုအပေါ် အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ် ကျဆင်းလာခြင်း၊ တိုင်းရင်းသား ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ထိခိုက်ပျက်စီးစေသော အကြမ်းဖက်လုပ်ရပ်များကို စက်ဆုပ်ရွံရှာခြင်း၊ အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်လိုခြင်း၊ အေးချမ်းစွာ ပညာသင်ကြားလိုခြင်း၊ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာခြင်းတို့ကြောင့် PDF အမည်ခံ အဖွဲ့ဝင်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ဝင်များသည် နီးစပ်ရာနယ်မြေခံတပ်၊ စခန်းများနှင့် လုံခြုံရေးစခန်းများတွင် လာရောက်သတင်းပို့ပြီး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လျက်ရှိသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြရာ စစ်ကိုင်းတိုင်းဒေသကြီး ဆားတောင် နယ်မြေအတွင်း အကြမ်းဖက် လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် Local PDF အမည်ခံ အကြမ်းဖက်အဖွဲ့မှ အမျိုးသား ၂၃ ဦး၊ ၎င်းတို့၏ မိသားစုဝင် အမျိုးသမီး သုံးဦး၊ ဆားတောင်မိုးကြိုး အမည်ခံ အကြမ်းဖက်အဖွဲ့မှ အမျိုးသား ခြောက်ဦး၊ အမျိုးသမီး သုံးဦး၊ ၎င်းတို့၏မိသားစုဝင် အမျိုးသမီး သုံးဦး စုစုပေါင်း PDF အဖွဲ့ဝင် အမျိုးသား ၂၉ ဦး၊ အမျိုးသမီး သုံးဦး၊ မိသားစုဝင် အမျိုးသမီး ခြောက်ဦးတို့သည် စက်တင်ဘာ ၂၂ ရက်တွင် လက်နက်မျိုးစုံ ၁၃ လက်၊ ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ နီးစပ်ရာနယ်မြေခံ တပ်ရင်းသို့ ဆက်သွယ်သတင်းပို့၍ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသည့် PDF အမည်ခံ အဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စစ်ကိုင်းမြို့ရှိ နယ်မြေခံတပ်မှ တာဝန်ရှိသူများက နွေးထွေးစွာ ကြိုဆိုခဲ့ကြပြီး လိုအပ်သည်များ ကူညီ ထောက်ပံ့ပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းနှင့် အုပ်ချုပ်မှု လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်လက်တွဲ၍ နိုင်ငံတော်အကျိုး၊ ဒေသအကျိုးကို ဖော်ဆောင်လိုသည့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့ကြရန်နှင့် ထိုသို့ ဆက်သွယ် သတင်းပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေ ကိစ္စရပ်များ အဆင်ပြေမှုရှိစေရေး လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော် အစိုးရအနေဖြင့် PDF အမည်ခံအဖွဲ့များ အပါအဝင် အကြမ်းဖက် အဖွဲ့များအတွင်းသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသူများအား ဥပဒေဘောင် အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရေး အစဉ်တံခါးဖွင့်ကြိုဆို ဖိတ်ခေါ်ထားရှိပြီး ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ များကို ထိုက်တန်စွာ ပေးအပ်ချီးမြှင့်လျက်ရှိသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

၁။ ၂၀၂၂ ခုနှစ် ဇွန်လအစောပိုင်း ကာလမှာ သူငယ်ချင်း တစ်ယောက်ရဲ့ စည်းရုံးသိမ်းသွင်းမှုကြောင့် ဝက်လက်မြို့နယ် တစ်နေရာမှာ စစ်သင်တန်းတက်ခဲ့ပါတယ်။ စစ်သင်တန်းတက်ပြီး ပြန်လာချိန်မှာ ရဲဘော် ၁၀ ယောက်နဲ့ ရိုးမစစ်ကြောင်းကို စတင် ဖွဲ့စည်းခဲ့ပါတယ်။ ရိုးမစစ်ကြောင်းကို စတင်ဖွဲ့စည်းတဲ့အချိန်ကစပြီး NUG ၊ CRPH အကြမ်းဖက်အဖွဲ့များက ကျွန်တော်တို့ကို သူတို့လက်အောက်ခံ မဟုတ်တဲ့အတွက် ကျွန်တော်တို့ Local PDF အမည်ခံ အကြမ်းဖက်အဖွဲ့များကို ခွဲခြားဆက်ဆံတာမျိုးတွေ၊ အနိုင်ကျင့် ဗိုလ်ကျတာမျိုးတွေ ကျွန်တော်တို့အပေါ်မှာရှိခဲ့ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များကလည်း ကျွန်တော်တို့ကို PDF ဖြစ်တဲ့အတွက် စစ်ဆင်ရေးဒေသတွေကို အတင်းအဓမ္မစေလွှတ်ကာ မူးယစ်ဆေးဝါးများကို သုံးစွဲခိုင်းပြီး အသေခံတိုက်ပွဲဝင်ခိုင်းလျက်ရှိပါတယ်။ ကျွန်တော်တို့ လေးနှစ်တာကာလမှာ အမှန်တရားကို သိရှိလာတဲ့အတွက် တပ်မတော်နဲ့ ချိတ်ဆက်ပြီး အလင်းဝင်ခဲ့တာဖြစ်ပါတယ်။ အလင်းဝင်လာတဲ့အချိန်မှာလည်း တပ်မတော်အနေနဲ့ ကျွန်တော်တို့ စားဖို့ သောက်ဖို့၊ နေဖို့ ထိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်ပေးပါတယ်။ လိုအပ်ချက်ဘာမှမရှိပါဘူး။ နောက်လာမယ့် ညီငယ် ညီမငယ်တွေ၊ ဆွေမျိုးမောင်နှမသားချင်းတွေကိုလည်း နွေးထွေးစွာကြိုဆိုပါတယ်။





၂။ ကျွန်မက ၂၀၂၅ အစောပိုင်း ကာလမှာ သူငယ်ချင်းတွေရဲ့ သွေးဆောင် ဖြားယောင်းမှုကြောင့် အဖွဲ့ထဲကိုဝင်ခဲ့ပါတယ်။ သူတို့ရဲ့သွေးဆောင်ဖြားယောင်းမှုကြောင့် သင်တန်းတွေ ဆင်းခဲ့ရပါတယ်။ NUG CRPH အကြမ်းဖက်အဖွဲ့များက ကျွန်မတို့ကို သူတို့ရဲ့ လက်အောက်ခံအဖွဲ့ မဟုတ်တဲ့အတွက် နှိပ်စက်ညှဉ်းပန်းတာတွေ၊ တစ်ဖက်သတ် အနိုင်ကျင့်တာတွေ လုပ်ခံခဲ့ရပါတယ်။ အဲလိုဗိုလ်ကျ အနိုင်ကျင့်တာတွေကြောင့် ကျွန်မတို့ တပ်မတော်ထံ အလင်းဝင်ခဲ့ပါတယ်။ တပ်မတော်ထံ အလင်းဝင်တော့လည်း တပ်မတော်က မိသားစုလိုမျိုး ကြိုဆိုပါတယ်။ စားဝတ်နေရေး အတွက်လည်း စီစဉ်ပေးခဲ့ပါတယ်။ အဲဒါကြောင့် နောက်ကျန်ရှိတဲ့ အဖွဲ့တွေကိုလည်း ကျွန်မအနေနဲ့ အလင်းဝင်ဖို့ ဖိတ်ခေါ်ပါတယ်။

၃။ ကျွန်တော်ကတော့ ၂၀၂၅ ခုနှစ် အစောပိုင်းကာလမှာ PDF အဖွဲ့များနဲ့ အဆက်အသွယ်ရပြီး သင်တန်း စတက်ခဲ့ပါတယ်။ သင်တန်းဆင်းပြီး နောက်မှာလည်း ဆားတောင်တစ်ဝိုက် စစ်ရေး လှုပ်ရှားခဲ့ပါတယ်။ စစ်ကိုင်း-ရွှေဘို ကားလမ်းမကြီး တစ်လျှောက်မှာလည်း ခရီးသွားကုန်တင်ယာဉ်တွေကို ငွေကြေးကောက်ခံခြင်း၊ စစ်ဆေးခြင်းများလည်း ဆောင်ရွက်ခဲ့ပါတယ်။ ကောက်ခံရရှိတဲ့ ငွေတွေကို အထက်လူကြီးတွေကို ပေးအပ်ခဲ့ပါတယ်။ စေခိုင်းချက်အရ အများပြည်သူ အထိတ်တလန့်ဖြစ်စေရန် မိုင်းထောင်ဖောက်ခွဲခြင်းတွေကိုလည်း ခိုင်းစေခဲ့ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်တွေအနေနဲ့လည်း PDF အဖွဲ့တွေကို စစ်ဆင်ရေးဒေသတွေမှာ အတင်းအဓမ္မစေလွှတ်ကာ မူးယစ်ဆေးဝါးများ သုံးစွဲစေပြီး တိုက်ပွဲဝင်ခိုင်းခဲ့ပါတယ်။ ၎င်းတို့ကိုယ်ကျိုးစီးပွားအတွက်အသုံးပြုပြီး ကျွန်တော်တို့ကို ရှေ့တန်းကနေ တိုက်ခိုင်းခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ သူတို့လုပ်ရပ်တွေကို မနှစ်သက်လို့ တပ်မတော်ထံ ချိတ်ဆက်ပြီး အလင်းဝင်ခဲ့ပါတယ်။ အလင်းဝင်ရောက်ရာမှာလည်း တပ်မတော်က ကျွန်တော်တို့ နေရေး ထိုင်ရေး စားသောက်ရေးကို စီစဉ်ပေးပါတယ်။ တပ်မတော်က ဆုငွေများလည်း ချီးမြှင့်ပေးပါတယ်။ နောက်ထပ် အလင်းဝင်မယ့် ညီငယ် ညီမငယ်တွေကိုလည်း နွေးထွေးစွာ ကြိုဆိုပါတယ်။ **သတင်းစဉ်**




ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့်အတူ ပါရှိလာသည့် လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ။

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

## ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေး ဟောပြော



**အမရပူရ စက်တင်ဘာ ၂၃**

ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် ဗဟုသုတတိုးပွားစေရန်၊ စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိစေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ Community Centre လူထုအခြေပြုဗဟိုဌာနၣ် ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေး ဟောပြောပွဲကျင်းပခြင်းနှင့်နံရံကပ်စာစောင်၊ သုတရသစာအုပ်များ ခင်းကျင်းပြသခြင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ အမရပူရမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်လှဲ့လှဲ့ခိုင်က ကလေးအလုပ်သမားပပျောက်ရေးခေါင်းစဉ်ဖြင့် ကလေးအလုပ်သမား၏ အဓိပ္ပာယ်၊ ကလေးအလုပ်သမားနောက်ဆက်တွဲအကျိုးဆက်များ၊ ကလေးအလုပ်သမားဖြစ်ရသည့်အကြောင်းအရင်းများ၊ အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သားကို ခိုင်းစေမှုအကြောင်းစသည့် အကြောင်းအရာများကို ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်နှင့်လက်ကမ်းစာစောင်များအား ဖြန့်ဝေပြီး သုတ၊ ရသ၊ စာအုပ်၊ စာစောင်များ ခင်းကျင်းပြသခဲ့ရာ စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

လှဲ့လှဲ့ခိုင်(အမရပူရ)

## လူငယ်တွေစာဖတ်ကြပါ ခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်း ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၃**

မျိုးဆက်သစ်ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေပြီး အသိဉာဏ်ပညာများ ကြွယ်ဝစေရန် ရည်ရွယ်ကာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးဆောင်ကာ အမှတ်(၅)ဘုန်းတော်ကြီးသင် ပညာရေးကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ လူငယ်တွေ စာဖတ်ကြပါ ခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်းကို အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန (Community Center) အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၂ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အနာဂတ်ကာလမှာ ဘက်စုံအောင်မြင်စေရန်အတွက် စာအုပ်၊ စာပေများနှင့် ရင်းနှီးကျွမ်းဝင်စေရေးအတွက် စာများများဖတ်ကြဖို့ မှာကြားခဲ့သည်။

ထို့နောက် ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၅ ရက်ထုတ် ဒို့ကျေးရွာဂျာနယ်မှ အတွဲ-၂၃၊ အမှတ်-၁၈ တွင်ပါရှိသည့် စာရေးဆရာဒေါက်တာသန်းထွန်း ရေးသားသည့် လူငယ်တွေစာဖတ်ကြပါ ဆောင်းပါးအား ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က ဦးဆောင်ကာ ကျောင်းသား၊ ကျောင်းသူများက ဖတ်ကြားခဲ့ပြီး မိမိတို့၏ အတွေးထင်မြင်ချက်များကို အသီးသီးရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၀၅၀)

၀-၀-၀-၀-၀-၀-၀



## ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေး

**ပျဉ်းမနား စက်တင်ဘာ ၂၃**

ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာဖတ်သူများလက်ဝယ်အရောက် စာအုပ်များလိုက်လံငှားရမ်းပေးမှုကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများအရောက် လှည့်လည် ငှားရမ်းပေးလျက်ရှိရာ စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၂၂) အခြေခံပညာအထက်တန်းကျောင်းနှင့် ဒက္ခိဏသီရိမြို့နယ်၊ မဲဒီးကျေးရွာတို့သို့ သွားရောက်ငှားရမ်းပေးကြသည်။

စာအုပ်ငှားရမ်းဖတ်ရှုသူများ အဆင်ပြေစေရေးအတွက် ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်၌ သုတ၊ ရသစာအုပ်မျိုးစုံ ၂၀၀၀ ကျော် စီစဉ်ထားရှိပြီး စာအုပ်အသစ်များကိုလည်း စဉ်ဆက်မပြတ် လဲလှယ်ဖြည့်ဆည်းပေးလျက်ရှိကြောင်းနှင့် ယခုငှားရမ်းပေးခဲ့သော စာအုပ်များကို ရက်သတ္တပတ်တစ်ပတ်ပြည့်လျှင် ပြန်လည်အပ်နှံကာ စာအုပ်အသစ်များကို ထပ်မံငှားရမ်းပေးသွားမည်ဖြစ်သည်။ ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြည်သူများ စာပေအလွယ်တကူ ဖတ်ရှုနိုင်စေရေးအတွက် ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများရှိ စာဖတ်သူများ လက်ဝယ်အရောက် လိုက်လံငှားရမ်းပေးခြင်းဖြစ်ပြီး မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင်လည်း သုတ၊ ရသစာအုပ်များကို မည်သူမဆို အခမဲ့ လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

(အောက်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀-၀



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## အေးချမ်းသာယာ အညာရွာ

* တို့မြန်မာ အညာကျေး
တို့ဘေးတို့ ဇာတိရွာ
အေးချမ်းသာယာ။
သူ့အရေး ကိုယ့်မြေပမာ
ဆွေးနွေးကာ ဆောင်ရွက်။

* သစ္စာပေါ် မေတ္တာမိုး
ဖွံ့ဖြိုးတိုးတက်။
တို့အညာ ရွာကျေးက
မွေးခဲ့ကြ ဇာတိရွာ
ဝပြောဝေဆာ။

* ပြောဆိုကြ ပီယဝါစာ
နာပျော်ဖွယ် ချိုအေး။
အမှားပါလျှင် ခွင့်လွှတ်
နတ်ချစ်တဲ့ဆေး။

* တို့ရပ်ရွာ ယခင်ရေး
ယဉ်ကျေးစွ မြမူရာ
လှသူဝေဖြာ။

* စဉ်သိမ်မွေ့ ကြင်ကြင်နာ
ဖော်ရွေစွာ ဖိတ်ကြား။
ခင်မင်သူ သဟာဆွေကို
လာစေချင်သား။ ။

အိမ်တင်အေး(ပုလဲ)

တံတားနှင့်
လမ်း၊
ဆေးခန်းနှင့်
ကျောင်း၊
ဆည်မြောင်းနှင့်
ကန်
သစ်ပင်ရုံမှ
သဏ္ဌာန်လှပ
ပန်းရလိမ့် ။



# ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့နှင့် သီပေါမြို့တို့တွင် အကြမ်းဖက်သောင်းကျန်းသူများ၏ ဖျက်ဆီးမှုကြောင့် လျှပ်စစ်ကဏ္ဍအခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုကို ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်၍ ဓာတ်အားပြန်လည်ဖြန့်ဖြူး

နေပြည်တော် စက်တင်ဘာ ၂၃

ကျောက်မဲမြို့နယ်နှင့် သီပေါမြို့နယ်တို့အတွင်း အကြမ်းဖက်သောင်းကျန်းသူများ၏ ဖျက်ဆီးမှုများကြောင့် ၆၆ ကေဗွီ မန်စံ-သီပေါ ဓာတ်အားလိုင်း၊ ၃၃ ကေဗွီ သီပေါ-ကျောက်မဲ ဓာတ်အားလိုင်း၊ ၆၆ ကေဗွီနှင့် ၃၃ ကေဗွီ ဓာတ်အားခွဲရုံသုံးရုံ၊ ဖြန့်ဖြူးရေးဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများ ထိခိုက်ပျက်စီး၍ ၂၀၂၄ ခုနှစ် ဇွန် ၂၅ ရက်တွင် ကျောက်မဲမြို့နှင့် ၂၀၂၄ ခုနှစ် ဇွန် ၂၆ ရက်တွင် သီပေါမြို့တို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပြတ်တောက်ခဲ့သည်။

ကျောက်မဲမြို့နယ်နှင့် သီပေါမြို့တို့အား တပ်မတော်မှ ပြန်လည်သိမ်းပိုက်ရရှိခဲ့ပြီးနောက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ထိခိုက်ပျက်စီးသွားသည့် ၆၆ ကေဗွီ သီပေါဓာတ်အားခွဲရုံ၊ ၃၃ ကေဗွီ ကျောက်မဲ(ပန်းပေါင်း) ဓာတ်အားခွဲရုံ၊ ၆၆ ကေဗွီ မန်စံ-သီပေါ ဓာတ်အားလိုင်း၊ ၃၃ ကေဗွီ သီပေါ-ကျောက်မဲ ဓာတ်အားလိုင်း၊ ကျောက်မဲမြို့နှင့် သီပေါမြို့တို့ရှိ ၁၁ ကေဗွီ နှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများနှင့် ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာများအား ပြည်ထောင်စုရန်ပုံငွေနှင့် ပြည်နယ်အစိုးရ ရန်ပုံငွေများဖြင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများက တာဝန်ယူ၍ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှစ၍ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

## ဓာတ်အားဖြန့်ဖြူးပေး

ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း သီပေါမြို့တွင် ၆၆၅ ကီလိုဝပ်နှင့် ၂၀၀ ကီလိုဝပ် ဒီဇယ်ဓာတ်အားပေးစက်နှစ်လုံးဖြင့် အရေးကြီးနေရာများကိုလည်းကောင်း၊ ကျောက်မဲမြို့အား ၂ မဂ္ဂါဝပ် နမ့်စောင်းငေါင်း အသေးစားရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံဖြင့် စာသင်ကျောင်း၊ ဆေးရုံ၊ ရဲစခန်း၊ ဌာနဆိုင်ရာရုံးများနှင့် ဘာသာရေးအဆောက်အအုံများကိုလည်းကောင်း ယာယီအချိန်ပိုင်း ဓာတ်အားဖြန့်ဖြူးပေးခဲ့သည်။

ပြည်သူများအား လျှပ်စစ်မီးအမြန်ဆုံး ပြန်လည်ဖြန့်ဖြူးနိုင်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများအနေဖြင့် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သဖြင့် ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၂ ရက် နံနက် ၁၁ နာရီတွင် ကျောက်မဲဓာတ်အားခွဲရုံမှ မြို့ပေါ် ခုနစ်ရပ်ကွက် အပါအဝင် ကျောက်မဲပြည်သူ့ဆေးရုံ၊ ဌာနဆိုင်ရာ ရုံး ၂၉ ရုံး၊ စာသင်ကျောင်း ခြောက်ကျောင်းတို့ကိုလည်းကောင်း၊ သီပေါဓာတ်အားခွဲရုံမှ မြို့ပေါ် ၁၀ ရပ်ကွက် အပါအဝင် သီပေါပြည်သူ့ဆေးရုံ၊ ဌာနဆိုင်ရာရုံး ၂၁ ရုံး၊ စာသင်ကျောင်း ခုနစ်ကျောင်းတို့အားလည်းကောင်း နိုင်ငံတော် ဓာတ်အားစနစ်ဖြင့် ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ဆက်လက်၍ ကျန်နေရာများကိုလည်း ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။



သီပေါမြို့နယ် ၃၃/၁၁ကေဗွီ ၁၀ အမ်ဗွီအေ သီပေါဓာတ်အားခွဲရုံတွင် ဓာတ်အားခွဲရုံပစ္စည်းများ ပျက်စီးနေမှုကို တွေ့ရစဉ်။



သီပေါမြို့နယ် ၃၃/၁၁ကေဗွီ ၁၀ အမ်ဗွီအေ သီပေါဓာတ်အားခွဲရုံတွင် ပျက်စီးနေသော ဓာတ်အားခွဲရုံပစ္စည်းများ အသစ်အစားထိုး ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တွေ့ရစဉ်။



သီပေါမြို့နယ် ၃၃/၁၁ကေဗွီ ၁၀ အမ်ဗွီအေ သီပေါဓာတ်အားခွဲရုံတွင် ပျက်စီးနေသော ဓာတ်အားခွဲရုံပစ္စည်းများ အသစ်အစားထိုးပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။



သီပေါမြို့၌ ဓာတ်အားပြန်လည်ဖြန့်ဖြူးနေမှုကို တွေ့ရစဉ်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးခဲ့သည့် လျှပ်စစ်ကဏ္ဍ အခြေခံအဆောက်အအုံ စက်ရုံ၊ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပြည်သူများအား နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် လျှပ်စစ်ဓာတ်အား အမြန်ဆုံး ပြန်လည်ဖြန့်ဖြူးပေးနိုင်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

သတင်းစဉ်

# ဆန်နှင့်အခြားရိက္ခာပစ္စည်းများ ထောက်ပံ့ပေးအပ်

**တောင်တွင်းကြီး စက်တင်ဘာ ၂၃**

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးယန္တရားများ ခိုင်မာအားကောင်းစေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၌ မြို့နယ်အဆင့် ပြည်သူလုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့မှ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး(မြို့ပေါ်လုံခြုံရေး) တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအား ယမန်နေ့ နံနက်ပိုင်းက ဆန်နှင့် အခြားရိက္ခာပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်အဆင့် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များက မြို့ပေါ်လုံခြုံရေးအဖွဲ့ဝင်များအား တစ်ဦးလျှင် ဆန်ငါးပြည်၊ ကြက်ဥ ၁၀ လုံး၊ သကြား ၂၅ကျပ်သားနှင့် နို့ဆီတစ်ဘူး ထောက်ပံ့ပေးအပ်ခဲ့ကာ စုစုပေါင်းလုံခြုံရေးအဖွဲ့ဝင် ၅၀ ဦးကို ထောက်ပံ့ခဲ့ကြောင်း သိရသည်။ (ယာပုံ)

**နောင်နောင်(မိဿနိုးမြေ)**



# မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ နေအိမ်အတွင်း ဝင်ရောက်၍ ရွှေထည်နှင့် ငွေကြေးများ လုယက်ရန်ရည်ရွယ်ချက်ဖြင့် အိမ်ရှင်လင်မယားအား သတ်ဖြတ်ခဲ့သူ အမျိုးသားနှစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိ



နေပြည်တော် စက်တင်ဘာ ၂၃

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၅) ရပ်ကွက် ၁၁၁ (A)လမ်း၊ ၆၈(A) လမ်းနှင့် ၆၈(B)လမ်းကြားနေ ဒေါ်တင်ပြည့်(၆၃)နှစ်နှင့် ခင်ပွန်းဖြစ်သူ ဦးကျော်စိုး (၅၉) နှစ်တို့ နှစ်ဦးသည် စက်တင်ဘာ ၁၅ ရက်နံနက်ပိုင်းတွင် နေအိမ်အတွင်း၌ ခန္ဓာကိုယ်အနှံ့ ဒဏ်ရာများဖြင့် သတ်ဖြတ်ခံထားရကြောင်းသတင်းအရ ပြစ်မှုကျူးလွန်သူတရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁)နယ်မြေရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုရေးဖွင့် စုံစမ်းဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားခံများအား ဖမ်းဆီးရမိနိုင်ရေး နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်း၊ အခင်းဖြစ်ရပ်မှတ်တမ်းနှင့် နေအိမ်အတွင်း ဝင်ထွက်သွားလာသူများအား စစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၅ ရက် ညနေပိုင်းတွင် မသင်္ကာဖွယ်တရားခံများဖြစ်ကြသည့် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ပတင်းရွာမကြီးကျေးရွာနေ ကျော်ဇင် (ခ) ကျော်ကြီး (၂၃) နှစ်နှင့် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် မိုးကြိုးပစ်ကျေးရွာနေ လမင်းထွန်း(ခ)ကရင် (၂၀) နှစ်တို့နှစ်ဦးအား စစ်ဆေးခဲ့ရာ ၎င်းတို့နှစ်ဦးသည် စက်တင်ဘာ ၁၄ ရက် ညပိုင်းတွင် ဒေါ်တင်ပြည့်၏နေအိမ်သို့ သွားရောက်ခဲ့ကြပြီး ဒေါ်တင်ပြည့်နှင့် ဦးကျော်စိုးတို့နှစ်ဦးအား အသင့်ပါလာသောဓားနှင့် နေအိမ်ရှိ ကတ်ကြေးတို့ဖြင့် ခန္ဓာကိုယ်အနှံ့ ထိုးသတ်ခဲ့ကြကြောင်း ဖော်ထုတ်သိရှိရပြီး စက်တင်ဘာ ၂၂ ရက် ညနေပိုင်းတွင် ပြစ်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် သက်သေခံဓားတစ်လက်နှင့် ကတ်ကြေးနှစ်လက်တို့အား ချမ်းမြသာစည်မြို့နယ် မြို့သစ်(၅)ရပ်ကွက် ၆၉ လမ်း သံလမ်းဘေးရှိ ချုံပုတ်အတွင်းမှ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် ငွေကြေးလိုအပ်ချက်အရ အိမ်ရှင်လင်မယားအား သတ်ဖြတ်ခဲ့သည့် တရားခံ လမင်းထွန်း (ခ) ကရင်နှင့် ကျော်ဇင် (ခ) ကျော်ကြီးတို့နှစ်ဦးကို ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဓားတစ်လက်၊ ကတ်ကြေးနှစ်လက်တို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ(မန္တလေးနေ့စဉ်)**

တရားခံ လမင်းထွန်း (ခ) ကရင်နှင့် ကျော်ဇင် (ခ) ကျော်ကြီးတို့အား ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

❖ နိုင်ငံတော် ရှေ့သီးဖို့
ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့
ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့
သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) အတွင်းရှိ တည်နေရာများပြပုံစံငယ်အား ကြည့်ရှုစစ်ဆေးစဉ်။

## ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၁၀ သို့ ★

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၂၃

**မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ** ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံသည်းထန်နိုင်ပါသည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်ပါသည်။

**မိုး/ဇလ**

## FIFA-ASEAN Cup 2026 ပြိုင်ပွဲ Division 2 အုပ်စုပထမနေ့တွင် မြန်မာအသင်းနှင့် တီမောအသင်း ယနေ့ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် စက်တင်ဘာ ၂၃**

FIFA-ASEAN Cup 2026 ပြိုင်ပွဲ Division 2 အုပ်စုပွဲများကို စက်တင်ဘာ ၂၄ ရက်တွင် ဟောင်ကောင်၌ စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် တီမောအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။



FIFA-ASEAN Cup 2026 ပြိုင်ပွဲ Division 2 တွင် အသင်းခြောက်သင်းပါဝင်ပြီး အုပ်စု (A) တွင် အိမ်ရှင်ဟောင်ကောင်၊ လာအို၊ ဘရူနိုင်း၊ အုပ်စု (B) တွင် ကမ္ဘောဒီးယား၊ မြန်မာနှင့် တီမောအသင်းများ ပါဝင်နေသည်။ ပြိုင်ပွဲ ကျင်းပသည့်ပုံစံအရ အုပ်စုတစ်ခုစီမှ အမှတ်အများဆုံး တစ်သင်းစီသာ ဗိုလ်လုပွဲ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

မြန်မာအသင်းသည် FIFA-ASEAN Cup 2026 ပြိုင်ပွဲ Division 2 အုပ်စုပထမနေ့အဖြစ် စက်တင်ဘာ ၂၄ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီ ခွဲတွင် တီမောအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ထို့ပြင် မြန်မာအသင်းသည် အုပ်စုနှစ်ပွဲကို ဆက်တိုက်ကစားရမည်ဖြစ်ပြီး ဒုတိယပွဲအဖြစ် စက်တင်ဘာ ၂၇ ရက်တွင် ကမ္ဘောဒီးယားအသင်းနှင့် ကစားရမည်ဖြစ်ကာ နှစ်ပွဲဆက် အနိုင်ရပါက ဗိုလ်လုပွဲ စောစီးစွာတက်ရောက်ခွင့်ရမည်ဖြစ်သည်။

**နိုင်ကမ္ဘာ**

၀-၀-၀-၀-၀



## သံပယိုသီးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် စက်တင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် သံပယိုသီးနံ့စိုက်ခင်းများ အောင်မြင် ဖြစ်ထွန်းပြီး ရောင်းချရာတွင် ဈေးကောင်းရရှိသောကြောင့် စိုက်ပျိုးရောင်းချသူများ လူမှုစီးပွားဘဝ အဆင်ပြေလျက်ရှိကြောင်း သံပယိုစိုက်ပျိုးရောင်းချသူများထံမှ သိရသည်။

သံပယိုပင်သည် နှစ်ရှည်အပင်မျိုးဖြစ်ပြီး အစိုဓာတ်မပြတ်ရေသွင်းပေးရပြီး နုန်းမြေများတွင် ကောင်းစွာ ဖြစ်ထွန်းကြောင်းနှင့် အပင်အပြုအစု ကောင်းပါက နှစ်ပတ်လည်နီးပါး အသီး သီးကာ ခူးဆွတ်ရောင်းချရာတွင် ရက်ခြားခူးဆွတ်ရောင်းချရသောကြောင့် နေ့စဉ်ဝင်ငွေရရှိသော အပင်အမျိုးအစားဖြစ်ကြောင်း၊ သီးလုံးသန့်ရှင်းမှုနှင့် အကြီးအသေးအပေါ်မူတည်ပြီး သုံးတင်းဝင်အိတ်တစ်အိတ်တွင် ငွေကျပ် ၆၀၀၀၀ ရောင်းချရကြောင်း "ဥယျာဉ်ကျေးရွာမှ သံပယိုစိုက်ပျိုးရောင်းချသူ ကိုတာက ပြောပြသည်။

သံပယိုပင်စိုက်ပျိုးရာတွင် ပျိုးပင်စိုက်နှင့် ကိုင်းကူးစိုက်ဟူ၍ (၂)မျိုးရှိကြောင်း ကိုင်းကူးမျိုး စိုက်ပျိုးပါက စိုက်ပျိုးပြီးရှစ်လအကြာတွင် အပွင့်များစတင်ပွင့်ပြီး တစ်နှစ်အကြာတွင် အသီးများ စတင်ခူးဆွတ်ရောင်းချရကြောင်း စိုက်ပျိုးပြီးပါက အပင်ကြီးထွားမှုနှင့် အသီး သီးနှုန်းကောင်းစေရန်အတွက် ပေါင်းမြက်များနှင့် မလိုအပ်သည့် ကိုင်းအခြောက်များကို ရှင်းပေးရကြောင်း ဆေးဖျန်းခြင်း၊ အာမိုမြေဩဇာကျွေးခြင်း ရေတင်ပေးခြင်းများ ဂရုပြုဆောင်ရွက်ရကြောင်း သိရသည်။

(၄၈၅)

## အဂွီရီးကို နည်းပြသစ်အဖြစ် ဗလင်စီယာအသင်းခန့်အပ်

**မက်ဒရစ် စက်တင်ဘာ ၂၃**

ဗလင်စီယာအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ အဂွီရီးကို ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် အက်စ်ပန်ညို၊ အိုဆာဆူနာ၊ လီဂါနက်စ်၊ မာယော့ကာ စသည့် စပိန်လာလီဂါအသင်းများအပြင်၊ မက္ကဆီကို၊ ဂျပန်စသည့် လက်ရွေးစင်အသင်းများကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ဗလင်စီယာအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၆၇)နှစ်အရွယ်ရှိ အဂွီရီးက "ကျွန်တော့်ကို အခုလို ဗလင်စီယာအသင်း နည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်း အောင်မြင်တိုးတက်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(NGB)

0-0-0-0-0

